ရက်စွဲ၊ – –

သို့

------------------

------------------

------------------

# စေ့စပ်ပွဲဖိတ်ကြားလွှာ

မှ

------------------

------------------

------------------

## သက္ကပဉှဝတ္ထုတွင် မြတ်စွာဘုရားက သိကြားမင်းအား ဟောကြားတော်မူခဲ့သည့် ဂါထာတော်

**သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊**
**သဗ္ဗရသံ ဓမ္မရသော ဇိနာတိ။**
**သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ၊**
**တဏှက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ။**

တရားအလှူသည် အလှူအားလုံးကို အောင်နိုင်၏၊
တရားအရသာသည် အရသာအားလုံးကို အောင်နိုင်၏။
တရား၌ မွေ့လျော်ခြင်းသည် မွေ့လျော်ခြင်းအားလုံးကို အောင်နိုင်၏၊
တဏှာကုန်ရာ အရဟတ္တဖိုလ်သည် အလုံးစုံဆင်းရဲကို အောင်နိုင်၏။

**(ခုဒ္ဒကပါဌပါဠိတော်၊ နှာ–၆၄။ ခုဒ္ဒကပါဌပါဠိတော်မြန်မာပြန်၊ နှာ–၆၀)**

## အိန္ဒိယနိုင်ငံမှလာ၍ သီရိလင်္ကာနိုင်ငံတွင် အဋ္ဌကထာကျမ်းမြတ်ကြီး ကျမ်းပြုတော်မူသော အရှင်မဟာဗုဒ္ဓဃောသ၏ ဩဝါဒမြွက်ကြားချက်

''စကြဝဠာအပြည့် ထိုင်နေတော်မူသော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့အား ပစ္စည်းလေးပါး ဒါယကာအဖြစ် ကပ်လှူပူဇော်ရခြင်းထက် ၄–ပါဒမျှရှိသော ဗုဒ္ဓ၏တရားတော်မြတ် တစ်ကြောင်း၊ တစ်ဂါထာ၊ တစ်ပိုဒ်ကို သင်အံ၊ လေ့ကျက်၊ ပို့ချ၊ ဆွေးနွေး၊ ဟောပြော၊ ဖြန့်ဝေခြင်းက ပို၍မြတ်၏''ဟု အရှင်မဟာဗုဒ္ဓဃောသသည် ''သက္ကပဉှဝတ္ထု''တွင် ဖွင့်ဆိုမိန့်ကြားတော်မူခဲ့ပါသည်။

**(ဓမ္မပဒအဋ္ဌကထာ၊ ဒုတိယတွဲ၊ နှာ–၃၅၂)**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

သာသနာရေးဦးစီးဌာန

# ဥပ္ပါတသန္တိဝတ်ရွတ်စဉ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန

ကမ္ဘာအေးစာပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ – ၂၅၆၇ ကောဇာ – ၁၃၈၅ ခရစ် –၂၀၂၃

စာအုပ်တန်ဖိုး – ၃၆၀၀ ကျပ်

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေးစာပုံနှိပ်တိုက်၊ ရန်ကုန်မြို့၌
ညွှန်ကြားရေးမှူး ဦးနိုင်အောင်မိုး
မှတ်ပုံတင်အမှတ် (၀၀၁၀၄/၀၀၂၃၀)က
ပုံနှိပ်ထုတ်ဝေသည်။

# ဥပ္ပါတသန္တိဝတ်ရွတ်စဉ်

## မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | [ ဂ ] |
| ၂။ | စိန်ရောင်ခြည်ဘုရားပင့် | ၁ |
| ၃။ | ငါးပါးသီလခံယူဆောက်တည်ခြင်း | ၃ |
| ၄။ | နတ်ဖိတ်အမွှန်း | ၅ |
| ၅။ | ဥပ္ပါတသန္တိပါဠိ–မြန်မာပြန်အကျဉ်း | ၇ |
| ၆။ | ပဋ္ဌာန်း ပစ္စယုဒ္ဒေသနှင့် ပစ္စယနိဒ္ဒေသပါဠိ | ၈၃ |
| ၇။ | ဒိသာဖရဏ မေတ္တာပို့ | ၉၉ |
| ၈။ | အမျှဝေ | ၁၀၁ |
| ၉။ | နတ်ပို့အမွှန်း | ၁၀၃ |
| ၁၀။ | ဥပ္ပါတသန္တိသုတ်တော် ရွတ်ဖတ်ရန်အစီအစဉ် | ၁၀၅ |
| ၁၁။ | ဥပ္ပါတသန္တိပရိတ်တော်ကို လောကီအစီအရင်ဖြင့် ရွတ်ပွားခြင်း | ၁၀၉ |
| ၁၂။ | မြန်မာ့ရိုးရာ အစဉ်အလာ | ၁၀၉ |
| ၁၃။ | အရပ်ဒေသနှင့် နေ့နံရွေးနည်း | ၁၁၀ |
| ၁၄။ | အစီအရင်တော်အရပ်ရွေးနည်း | ၁၁၂ |
| ၁၅။ | အစီအရင်နေရာယူပုံ ထူးခြားချက် | ၁၂၁ |
| ၁၆။ | အခမ်းအနား တည်ခင်းစီရင်ပုံ | ၁၂၂ |

## မာတိကာ

စဉ် အကြောင်းအရာ စာမျက်နှာ

၁၇။ မဏ္ဍာပ်တည်နေပုံနှင့် ရုပ်ပွားရုပ်တုများ နေရာချထားပုံ ၁၂၃
၁၈။ ဆရာတော်ကြီးအချို့ဩဝါဒ ၁၂၅
၁၉။ သိကြားမင်းနှင့် နတ်မင်းကြီး ၄–ပါးပုံ ၁၂၆
၂၀။ မြို့ရွာနေ့နံအလိုက် ရွတ်ပွားရန် သုံးဌာနနေရာဇယား ၁၃၁
၂၁။ ကန်တော့ပွဲထိုးရန် အစီအစဉ် ၁၃၃
၂၂။ ထုတ်ဝေပြီးသောစာအုပ်များ ၁၃၆
၂၃။ ထုတ်ဝေပြီးသောစာအုပ်များ၏ အကြောင်းအရာအကျဉ်းချုပ် ၁၃၈
၂၄။ နှိုးဆော်ပန်ကြားလွှာ ၁၄၉

ဥပ္ပါတသန္တိပရိတ်တော်ဝတ်ရွတ်စဉ်ကို မရွတ်ဆို

မပူဇော်မီ နိဒါန်းကို ဦးစွာ ဖတ်ရှုစေလိုပါသည်။

# နိဒါန်း

## ဥပ္ပါတသန္တိပရိတ်တော်

ဥပ္ပါတသန္တိဟူသော ပါဠိမှာ ဥပ္ပါတနှင့်သန္တိ ပါဠိပုဒ် နှစ်ပုဒ်ကို တွဲစပ်ထားခြင်းဖြစ်ပါသည်။ ဥပ္ပါတမှာ– ကျရောက်နေသော ဘေးရန်အတိတ်ဆိုး နိမိတ်ဆိုးနှင့် ကပ်ဆိုးဘေးဆိုးဟု အဓိပ္ပာယ်ရရှိ၍ သန္တိမှာ– ထိုအတိတ် နိမိတ်ဆိုးနှင့် ကပ်ဘေးဆိုးတို့မှ ကင်းပျောက်ငြိမ်းအေးစေခြင်းဟု အဓိပ္ပာယ် ရရှိပါသည်။

ဥပ္ပါတသန္တိဂါထာများမှာ ၂၇၁–ဂါထာရှိ၍ အစ ၄–ဂါထာမှာ ကျမ်းဂန်ပြုစုရာ၌ ဂန္ထာရမ္ဘ (ကျမ်းဦးစကားချီး) ပါရှိနေသဖြင့် ဥပ္ပါတသန္တိကျမ်းဟု အမည် ခေါ်ဝေါ်ကြပါသည်။ ရွတ်ဖတ်အပ်သော ပရိတ်အနေနှင့် အသုံးပြုရွတ်ဖတ်သောအခါ သုတ္တန္တပိဋကတ်တော်လာ အခေါ်အဝေါ်နှင့်အညီ ဥပ္ပါတသန္တိသုတ်ဟု ခေါ်ဆိုကြပါသည်။ ဥပ္ပါတသန္တိသုတ်ကို အဓိကထား၍ ဘုရားပင့်၊ နတ်ဖိတ်၊ မေတ္တာပို့ အမျှဝေသည့် ဝတ်အဖွဲ့များ ရွတ်ပွားသည့် အစဉ်အလာများနှင့် ပေါင်းစပ်လိုက်သောအခါ **ဥပ္ပါတသန္တိဝတ်ရွတ်စဉ်**ဟု နာမည်ပြု၍ ပုံနှိပ် ထုတ်ဝေလာကြပါသည်။

ဥပ္ပါတသန္တိသုတ်တော်သည် ရှေးရှေးဆရာတော်ကြီးများက ထေရဝါဒ ပိဋကတ်တော်မှ ထုတ်နုတ်၍ ရေးသားစီစဉ်ခဲ့သော သုတ်တော်ဖြစ်ပါသည်။ လေးအသင်္ချေနှင့်ကမ္ဘာတစ်သိန်း ပွင့်တော်မူပြီး နှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်တို့၏ ဂုဏ်ကျေးဇူးတော်များကိုလည်းကောင်း၊ ပစ္စေကဗုဒ္ဓါအရှင်မြတ်များ၊ အဂ္ဂသာဝကရဟန္တာမထေရ်မြတ်ကြီးများ၊ အဂ္ဂသာဝိကာ ရဟန္တာအရှင်မများ၏ ဂုဏ်ကျေးဇူးတော်များကိုလည်းကောင်း၊ ထေရဝါဒပိဋကတ်တော်လာ ဘုရားရှင် လက်ထက်က ရှိနေသော သိကြား, ဗြဟ္မာ, နတ်မြတ်နတ်ကောင်းတို့၏ ဂုဏ်ကျေးဇူးများကိုလည်းကောင်း ဖော်ကျူးထားခြင်းဖြစ်၍ ထေရဝါဒ ဗုဒ္ဓပိဋက

ကျမ်းစာများနှင့် ညီညွတ်ပါသည်။ ဘုရားရှင်၏ ဗုဒ္ဓဝင်, သာသနာဝင်ဆိုင်ရာ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့၏ ဂုဏ်ကျေးဇူးအပေါင်းကို အစုံအလင် အပြည့်အဝ ပူဇော်ခွင့်ရရှိစေသော ဂုဏ်ထူးဆောင် ပရိတ်တော်ဖြစ်ပါသည်။

## ဥပ္ပါတသန္တိပရိတ်တော် ဖြစ်ပေါ်လာပုံ

ဥပ္ပါတသန္တိသုတ်တော်ကို ရဟန္တာအရှင်မြတ် အရှင်မဟာသီလဝံသနှင့် ရှေးရှေးဆရာတော်ဘုရားကြီးများ စီရင်ပေးခဲ့သည်နှင့်အညီ ဆရာတော်ဘုရားများနှင့် နိုင်ငံ့ခေါင်းဆောင် ဘုရင်မင်းမြတ်များ အပါအဝင် ပြည်သူပြည်သားတို့သည် ဆရာဒကာ လက်တွဲကြလျက် တိုင်းနိုင်ငံတွင် ကပ်သုံးပါးထူပြောသည့်အခါ, နက္ခတ်တာရာ ဂြိုဟ်စီးဂြိုဟ်နင်း မကောင်းသည့်အခါ, ဘေးအန္တရာယ်ကျရောက်နိုင်မည့် အတိတ်ဆိုး နိမိတ်ဆိုးတို့ ပေါ်ပေါက်သည့်အခါများတွင် မြို့ရွာတိုင်း၌ ရွတ်ပွားစေခဲ့ခြင်းအားဖြင့် အခြားဗုဒ္ဓမန္တန်ပရိတ်တော်များနည်းတူ ဘေးဥပဒ်အန္တရာယ်မှ လွတ်မြောက်ငြိမ်းအေးစေခဲ့ပါသည်။

သက္ကရာဇ် ၇၆၇–ခုနှစ်တွင် ထိုင်းနိုင်ငံ၊ ဇင်းရဲ၊ ဇင်းရှည်၊ ဇင်းမယ်ဟူသော ရှေးအမည်ရှိသည့် အရိဘုဥ္စတိုင်းကို အင်အားကြီးမားလှသော တိုင်းခြားပြည်ခြားနိုင်ငံမှ စစ်တပ်ကြီးက ဝန်းရံထားရာ အင်အားချင်း မမျှသောကြောင့် ပြန်လှန်စစ်မဖက်နိုင်ဘဲ ဆင်းရဲဒုက္ခနှင့် ကြုံတွေ့နေရလေသည်။

ထိုအခါ ဇင်းမယ်ဘုရင်ကိုးကွယ်သော ရဟန္တာအရှင်မြတ် အရှင်မဟာ–သီလဝံသက ဂါထာအပိုဒ်ပေါင်း (၂၇၁)ပိုဒ် ပါဝင်သော ဥပ္ပါတသန္တိသုတ်တော်ကို စီစဉ်ရေးသားလျက် ဇင်းမယ်တစ်နိုင်ငံလုံး ရွတ်ဖတ်စေခြင်း၊ နန်းတော်အတွင်းမှာလည်း ရှင်ဘုရင်,မိဖုရားမှအစ မင်းလုလင်ပါမကျန်စေရ ရွတ်ဖတ်သရဇ္ဈာယ်ကြခြင်း၊ သံဃာတော်အရှင်မြတ်များကလည်း ဇင်းမယ်ပြည်၏ **အာယုအရပ်၊ တေဇအရပ်၊ သီရိအရပ်**များတွင် ပရိတ်တော်အဖြစ် သုံးဌာန တစ်ပြိုင်တည်း ရွတ်ဖတ်သရဇ္ဈာယ် ချီးမြှင့်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ အင်အားကြီးမားလှသော တိုင်းခြား ပြည်ခြား စစ်တပ်ကြီးမှာ ဖရိုဖရဲဖြင့် ပြန်လည်ဆုတ်ခွာရှောင်ရှားသွားလေသည်။

ထိုဥပ္ပါတသန္တိပရိတ်တော်သည် သက္ကရာဇ် ၈၀၀ ခန့်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိသည်ဟု ဆိုပါသည်။ အဘယ်ကြောင့်ဆိုသော် သက္ကရာဇ် ၈၄၂ ခုနှစ်တွင် အင်းဝမြို့ ဗားမဲ့ဆရာတော်ဘုရားကြီး စီရင်ခဲ့သော မဟာသိဒ္ဓိကျမ်းရင်းကြီးတွင် ၎င်းဥပ္ပါတသန္တိပရိတ်တော် အစီအရင်များကို တွေ့ရှိရသောကြောင့် ထိုအချိန်မတိုင်မီကပင် ဥပ္ပါတသန္တိပရိတ်တော် မြန်မာနိုင်ငံသို့ ရောက်ရှိနေပြီဟု ခန့်မှန်းရခြင်း ဖြစ်ပါသည်။

ထို့နောက် သက္ကရာဇ် ၉၉၁ ခုနှစ်တွင် နန်းတက်သော သာလွန်မင်းတရားကြီးလက်ထက်တွင် ဥပ္ပါတသန္တိပရိတ်တော်ကို ရွတ်ဆိုခဲ့ကြောင်း တွေ့ရှိရသည်။ သက္ကရာဇ် ၁၀၃၄ ခုနှစ်တွင် နန်းတက်သော ဝမ်းဘဲအင်းစံမင်းတရားကြီး မင်းရဲကျော်ထင်လက်ထက်၌ ဓမ္မာသောကဘွဲ့ခံ ငတက်ကျော်ခေါင်းဆောင်၍ ပြင်စည်မြင်းမှူး၊ ရဝေမြင်းမှူး၊ ဈေးချိုတောင်အနောက်မြို့စား၊ လှော်ကားသုံးထောင်မှူးအရာခံ စသူတို့ပါဝင်သည့် ထောင်ထားခြားနားသူတို့က နန်းတော်တွင်းသို့ ဝင်ရောက်လုပ်ကြံခဲ့ကြသည်။

ထိုအခါ ဘုရင့်တပ်မတော်သားများနှင့် ယှဉ်ပြိုင်တိုက်ခိုက်ခဲ့လေရာ သူပုန်များဘက်မှ ရှုံးနိမ့်ထွက်ပြေးကြလေသည်။ သို့ရာတွင် နန်းတော်အတွင်း သေကျေပျက်စီးသူများသည် မကျွတ်မလွတ်ကြဘဲ နန်းတွင်းဝယ် မနေနိုင်လောက်အောင် ခြောက်လှန့်လျက်ရှိသည်ဟု ဆိုပါသည်။ ထို့ကြောင့် ငရဲနတ်စက်ရောင် ဆရာတော်ဘုရားကြီး အရှင်ဓမ္မနန္ဒအား ပန့်ကြားလျှောက်ထားခဲ့သည်။ ဆရာတော်ဘုရားကြီး၏ အစီအရင်ဖြင့် ဥပ္ပါတသန္တိပရိတ်တော်ကို ရွတ်ဖတ်စေခဲ့ရာ မနေနိုင်အောင် ခြောက်လှန့်လျက်ရှိသော ဘေးဆိုးမှုပြေငြိမ်းပျောက်ကွယ်ခဲ့လေသည်။ မကျွတ်မလွတ်သူများသည် နန်းတော်တွင်းမှ မနေနိုင်ထွက်ခွာသွားကြသော်လည်း ရပ်ကွက်အသီးသီးတို့၌ ဆက်လက်၍ ခြောက်လှန့်နေကြပြန်သဖြင့် ငရဲနတ်စက်ရောင် ဆရာတော် ဘုရားကြီးအစီအမံဖြင့် ဥပ္ပါတသန္တိပရိတ်တော်ကို ရပ်ကွက်မြို့ရွာအနှံ့ ရွတ်ဖတ်ခဲ့ရပြီး ခြောက်လှန့်မှုများ

ကင်းပျောက်သည်အထိ ဆောင်ရွက်ခဲ့ရကြောင်း မှန်နန်းရာဇဝင်တော်ကြီး တတိယတွဲ၌ ဖော်ပြပါရှိပါသည်။

တစ်ဖန် ကုန်းဘောင်မင်းများလက်ထက် ဘကြီးတော်နှင့် သာယာဝတီမင်းတို့ ထီးပြောင်းနန်းလွှဲမှုတွင် တိုင်းပြည်၌ မငြိမ်မသက် ဆူပူလှုပ်ရှားမှုများ ရှိခဲ့လေသည်။ ထိုအချိန် သက္ကရာဇ် ၁၁၉၈ ခုနှစ်တွင် စက္ကိန္ဒာဘိသိရီသဒ္ဓမ္မဓဇ မဟာဓမ္မရာဇဂုရုတံဆိပ်တော်ရ ညောင်ကန်ဆရာတော်ဘုရားကြီး ဦးဗုဓ်သည် ဥပ္ပါတသန္တိကျမ်း နိဿယကို ရေးစီရင်၍ သံဃာတော်များနှင့်တကွ ပြည်သူများပါ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းကို ပြုခဲ့လေသည်။ ထိုသို့ ဥပ္ပါတသန္တိပရိတ်တော်မြတ်ကို ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ခြင်းကြောင့် ဆူပူလှုပ်ရှားမှုများ ပပျောက်ကာ အေးငြိမ်းချမ်းသာခြင်းသို့ ရောက်ရှိခံစားခဲ့ရလေသည်။

သက္ကရာဇ် (၁၂၇၀)ပြည့်နှစ်တွင် မော်လမြိုင်မြို့၊ ကျိုက်သလွံတောင်ထိပ် အောင်လံတိုင်ကျောင်းတွင် ဝါကပ်တော်မူသော လယ်တီဆရာတော်ဘုရားကြီးသည် ရတနာဘုံမြင့်ဆရာတော်ကြီးနှင့် တိုင်ပင်တော်မူ၍ ထိုနေရာဒေသ တစ်ဝိုက်တွင် ဖြစ်ပေါ်နေသော ကပ်ရောဂါဆိုးများကို ပပျောက်သွားစေရန် မဟာအာဋာနာဋိယသုတ်၊ မဟာသမယသုတ်နှင့် ဥပ္ပါတသန္တိသုတ်တော်များကို ရွတ်ဖတ်သရဇ္ဈာယ်စေ၍ ဘေးအန္တရာယ်များ ကင်းလွတ်ချမ်းသာစေခဲ့ကြောင်း လယ်တီဆရာတော်ဘုရားကြီး ရေးသားသော ရောဂန္တရဒီပနီကျမ်းတွင် ဖော်ပြထားခဲ့လေသည်။

## ဥပ္ပါတသန္တိဂုဏ်ရည်

ဤကျမ်းတွင် ဂါထာနံပါတ် ၁ မှ ၃၆ အထိ တဏှင်္ကရအစ ဂေါတမအဆုံး နှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်များနှင့် ဂုဏ်တော်ကျေးဇူးတော်များ၊ ၃၇–၃၈ နှစ်ဂါထာမှာ ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးသော ဘုရားရှင်အားလုံးတို့အကြောင်း နှင့် ၃၉–ဂါထာမှာ ပွင့်တော်မူလတ္တံ့သော အရိမေတ္တေယျမြတ်စွာဘုရားအား

ရည်ညွှန်းထားပါသည်။ ၆၀–၆၁ နှစ်ဂါထာမှာ သီးခြားပွင့်တော်မူသော ပစ္စေကဗုဒ္ဓါတို့၏ ဂုဏ်ကျေးဇူးကို ဖော်ပြထားပါသည်။

ဂါထာနံပါတ် ၆၂–၆၃ နှစ်ဂါထာမှာ တရားတော်၏ ဂုဏ်ကျေးဇူးကို ဖော်ပြထားလေသည်။ ဂါထာ ၆၄ မှ ၁ရ၁ အထိမှာ အရှင်ကောဏ္ဍည ရဟန္တာမထေရ်မြတ်ကြီးမှ အရှင်အင်္ဂုလိမာလအဆုံး ရဟန္တာအရှင်မြတ်ကြီးတို့၏ ဂုဏ်ရည်ကို ပါဠိဂါထာများဖြင့် သီကုံး၍ ပူဇော်သမှုပြုထားပါသည်။ ၁ရ၂ မှ ၁၈၆ အထိကား မိထွေးတော်ဂေါတမီ အစရှိသော တေဒဂ်ရ ရဟန္တာထေရီမကြီး ၁၃ ပါးကို ဂုဏ်ပြုထားပါသည်။ ၁၈ရ မှ ၂၅၁ အထိ ဂါထာများမှာ ဘုရားရှင်လက်ထက် ထင်ရှားသော နတ်၊ နဂါး၊ ဗြဟ္မာ၊ ပြိတ္တာ၊ အသူရာ စသည်တို့၏ အမည်များကို ဖော်ပြထားသည်ကို တွေ့ရပါသည်။ ၂၅၂ မှ ၂၆၁ အထိ ဂါထာများမှာ ကောင်းခြင်းမင်္ဂလာဖြစ်စေရန် ပတ္ထနာပြုခြင်း ဖြစ်ပါသည်။ ၂၆၂ ဂါထာမှာ ပါဠိပါဌ်သားမှန်မှန် ရွတ်ဆိုရန်နှင့် ရိုသေစွာနာယူရန် ဖော်ပြထားပါသည်။ ဂါထာနံပါတ် ၂၆၃ မှ ၂ရ၁ အထိမှာ ဥပ္ပါတသန္တိ သုတ်တော်ကို ရွတ်ပွားနာယူသူတို့ ရရှိခံစားရမည့် အကျိုးတရားများ ဖော်ပြထားသည်ကို တွေ့ရပါသည်။

## ဥပ္ပါတသန္တိရွတ်ပွား အကျိုးများ

ဥပ္ပါတသန္တိပရိတ်တော်ကို ရွတ်ပွားနာယူသူတို့အား ရရှိနိုင်မည့် အကျိုးထူးများမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်–

– အလိုရှိရာကို ပြည့်စုံနိုင်ခြင်း၊

– အသက်ရှည်ခြင်း၊

– သားသမီး အခြွေအရံ ရရှိနိုင်ခြင်း၊

– လေ, သည်းခြေအနာရောဂါ မကပ်ငြိနိုင်ခြင်း၊

– ဥပစ္ဆေဒကကံကြောင့် မပျက်စီးနိုင်ခြင်း၊

- ကိုယ်တွင်း ကိုယ်ပကျရောက်ဆဲ ကျရောက်လတ္တံ့ ဘေးအန္တရာယ်တို့ ငြိမ်းစဲချုပ်ပျောက်ခြင်း၊
- စစ်ထွက်သွားစဉ် ရွတ်ဖတ်ပါက စစ်ပွဲတိုင်းအောင်မြင်နိုင်ခြင်း၊
- စစ်မြေပြင်တွင် ရန်သူပစ်လွှတ်သောလက်နက် မထိရောက်နိုင်ခြင်း၊
- တန်ခိုးကြီးသော ဗြဟ္မာ၊ သိကြား၊ နတ်များတို့က ချစ်ခင်လေးစား လျက် ကူညီစောင်မခြင်း၊
- ရေစောင့် မြေစောင့် နတ်ဘီလူးတို့ရန်မှ ငြိမ်းအေးခြင်း၊
- အတိတ်ဆိုး နိမိတ်ဆိုးတို့မှ ပပျောက်ခြင်း၊
- ကျက်သရေ မင်္ဂလာတိုးပွား၍ နတ်ရွာသုဂတိသို့ လားရောက်နိုင်ခြင်း၊
- တောတောင်ရေမြေများအတွင်း သွားလာပါက အန္တရာယ်အယှက်များမှ ကင်းဝေးစေနိုင်ခြင်း၊
- တစ်စုံတစ်ဦးအား ရည်စူးရွတ်ဆိုပေးပါက ထိုပုဂ္ဂိုလ်သည် အန္တရာယ် ခပ်သိမ်းမှ ကင်းဝေးခြင်း၊
- နတ်ကွန်းနတ်နန်းအနီးတွင် ရွတ်ဆိုပါက ထိုနတ်တို့မှ ရွတ်ဆိုသူအား ဝိုင်းဝန်းပြီး တန်ခိုးကျက်သရေ တိုးပွားအောင် စောင့်ရှောက်ခြင်းစသည် တို့ ဖြစ်ပါသည်။

## ထူးခြားပေါ်လွင် အစီအရင်

ဥပ္ပါတသန္တိပရိတ်တော်ကို ရွတ်ပွားရာတွင် လောကီအစီအရင်များ ပါဝင်၍ ရွတ်ပွားကြသည်ကို တွေ့ရပါသည်။ ယင်းမှာ ဤသုတ်တော်၏ ထူးခြားချက် ဖြစ်ပါသည်။ မြို့ရွာ၏ နေ့နံအလိုက် အရပ်ဒေသ သုံးဌာနသတ်မှတ်၍ တစ်ချိန်တည်း ရွတ်ပွားစေခြင်း၊ ဗဟိုမဏ္ဍပ်ကြီး၏ အရပ်လေးမျက်နှာ၌

နတ်စစ်သူကြီး (၄)ဦးတို့အတွက် ပုံနှင့်တကွ အရံမဏ္ဍပ် (၄)ခုထားရှိခြင်း၊ ဗဟိုမဏ္ဍပ်ကြီးအတွင်း၌ ဘုရားရှင်နှင့် ဘုရားရှင်အား ဦးတိုက်နေသော သိကြားမင်းရုပ်တု ပူဇော်ထားရှိခြင်း စသည်တို့သည် ထူးခြားသော အစီအရင်များ ဖြစ်ပါသည်။ မြန်မာတို့၏ ရှေးရှေးအစဉ်အလာ သတ်မှတ်ခဲ့သည့် အစီအရင် ထုံးနည်းနာဖြစ်၍ လိုက်နာကျင့်သုံး ဆောင်ရွက်ကြခြင်းသည် သင့်လျော် ကောင်းမွန်သည်သာ ဖြစ်ပါသည်။

## ဝတ်အဖွဲ့များသို့ အကြံပြုချက်

ဥပ္ပါတသန္တိပရိတ်တော်တွင် ပါရှိသည့် ပါဠိပါဌ်သားများသည် သဒ္ဒတ္ထ အဓိပ္ပာယတ္ထ ကျစ်လျစ်သည့် အက္ခရာများဖြင့် ဖွဲ့စည်းရေးသားထားသော ဂါထာများဖြစ်၍ ပါဠိသဒ္ဒါ ဆန်းဂိုဏ်းတို့နှင့်အညီ ဌာန်ကရိုဏ်းကျကျ မတြာ အဖြတ်၊အရပ် မှန်ကန် တိကျစွာ ရွတ်ဖတ်ရန်အတွက် ပိုမိုဂရုစိုက်ရပါသည်။ အက္ခရာဖြင့် ဖော်ပြထားသော (အသံထွက်)နှင့် မလုံလောက်ဘဲ ဆရာတော်ကြီး များ ရွတ်ပွားကြသည့် အသံသွင်း ရွတ်ပွားမှုကို နာကြား၍ ညှိနှိုင်းယူမှသာ အသံထွက်အမှန်ကို ရရှိနိုင်ကြမည်ဟု ယူဆပါသည်။ ပါဠိအသံထွက်မှန်၍ ဌာန်ကရိုဏ်းကျကျ ရွတ်ပွားနိုင်မှသာ ''ပါဠိမပျက် အနက်ကိုသိ သဒ္ဓါရှိ'' ဟူသော ပရိတ်ရွတ်သူ အင်္ဂါသုံးရပ်နှင့် ညီညွတ်ပါမည်။ ထို့ကြောင့် အကောင်း ဆုံး အကြံပြုလိုသည်မှာ ဝတ်အဖွဲ့များအနေဖြင့် ပါဠိပါဌ်သားကျွမ်းကျင်သည့် ရဟန်းတော်တစ်ပါး၏အထံတွင် အဖွဲ့လိုက် တစ်ကြိမ်နှစ်ကြိမ် နည်းခံ၍ ရွတ်ပွား ကြခြင်းသည်သာ အကောင်းဆုံးဖြစ်သည်ဟု အကြံပြုလိုပါသည်။

သာမန်လူပုဂ္ဂိုလ်များအနေဖြင့် ဆရာတော်သံဃာတော်များ၏ သီလ သမာဓိ ပညာကို မမီကြသည့်တိုင် ပရိတ်ရွတ်ပွားသူတစ်ဦး ပြည့်စုံရမည့် အင်္ဂါရပ်များနှင့် ပြည့်စုံသင့်သမျှ ပြည့်စုံရန် ကြိုးစားကြရပါသည်။ ရွတ်ပွားရာ၌ ပါဠိဂါထာများဖြစ်၍ ပါဠိစာပေ မတတ်ကျွမ်းသူတစ်ဦးအဖို့ ရွတ်ပွားသည့်

## ဥပ္ပါတသန္တိဝတ်ရွတ်စဉ်

ဂါထာ၏ အနက်အဓိပ္ပာယ်ကို သိရှိရွတ်ပွားနိုင်ရန်မှာ ခက်ခဲပါသည်။ မြန်မာပြန်ကို အရကျက်၍ ရွတ်ပွားရန်လည်း တာဝန်ကြီးလေးနိုင်ပါသည်။

သို့ဖြစ်၍ ဥပ္ပါတသန္တိဝတ်ရွတ်စဉ်တွင် ဂါထာတစ်ပုဒ်ချင်း တွဲဖက်၍ မြန်မာပြန်ကို ဖော်ပြပေးထားရာ ထိုမြန်မာပြန်အဓိပ္ပာယ်ကို ကြိုတင်ဖတ်ကြားသိရှိထားပါက မိမိရွတ်ပွားနေသော ဂါထာ၏အဓိပ္ပာယ်ကို သိရှိရသဖြင့် ယုံကြည်မှုသဒ္ဓါ တိုးပွားစေနိုင်သည်သာမက သတ္တဝါဝေနေယျတို့အပေါ် မေတ္တာစေတနာ ပိုမိုဖြန့်ကြက်၍ ရွတ်ပွားနိုင်ကြမည် ဖြစ်ပါသည်။

### ပရိတ်ဂါထာမန္တန်တော်များနှင့် စပ်၍အစွမ်း

ပရိတ်တော်၊ ဂါထာမန္တန်တော်တို့၏ အစွမ်းသတ္တိနှင့်ပတ်သက်၍ မိလိန္ဒပဉှပါဠိတော်(မြန်မာပြန်) စာအုပ်တွင် အောက်ပါအတိုင်း ဖော်ပြထားပါသည်—

သာသနာတော်နှစ် (၅၀၀)၊ ဘီစီ (၁၅၅–၁၃၀)ခန့်က ပေါ်ထွန်းခဲ့သော မိလိန္ဒမင်းကြီးသည် ပရိတ်တော်၊ ဂါထာမန္တန်တော်တို့၏ အစွမ်းသတ္တိနှင့်ပတ်သက်၍ မေးမြန်းရာ အရှင်နာဂသေနက ''မင်းမြတ်. . . ပရိတ်'အရံအတား' ပြုထားသော ယောကျာ်းကို ကိုက်လိုသော မြွေသည်မကိုက်ဝံ့၊ ဟင်းလင်းပွင့်သော မြွေခံတွင်းသည် ပိတ်၏၊ ခိုးသူတို့၏ မြှောက်ချီရွယ်မိုးထားသော တင်းပုတ်သည်လည်း (ရိုက်ပုတ်ရန်) မဖြစ်မြောက်နိုင်၊ ထိုတင်းပုတ်ကိုင်သူတို့သည် တင်းပုတ်ကို လွှတ်ချကုန်ပြီးလျှင် ချစ်ခင်ကြကုန်၏၊ အမျက်ထွက်သော ဆင်ပြောင်ကြီးသည်လည်း (ထိုးအံ့သောငှာ) လာပြီး၍ ကြဉ်ဖဲလေ၏၊ ပြောင်ပြောင်တောက်သော မီးပုံကြီးသည်လည်း အနီးသို့ ရောက်လာ၍ ငြိမ်း၏၊ ခဲစားအပ်သော လတ်တလောသေစေတတ်သော အဆိပ်အတောက်သည်လည်း ဆေးဖြစ်၍ အာဟာရအကျိုးငှာ ပျံ့နှံ့၏၊ သူသတ်တို့သည် သတ်လိုကုန်သည်ဖြစ်၍ အနီးသို့ ရောက်လာသော် ကျွန်အဖြစ်သို့ ကပ်ရောက် ကုန်၏၊ နင်းမိသော ကျော့ကွင်းသည်လည်း မဖွဲ့မိ'' ဟု ဖြေကြားတော်မူခဲ့ပါသည်။ (မိလိန္ဒပဉှပါဠိတော်မြန်မာပြန်၊ နှာ–၁၆၅)

မိလိန္ဒမင်းကြီး၏ အမေးကို အရှင်နာဂသေနက မင်းမြတ်. . . ''ပရိတ် 'အရံအတား'ကို ပြုသော ဥဒေါင်းမင်းအား မုဆိုးသည် အနှစ်ခုနစ်ရာတို့ပတ်လုံး ကျော့ကွင်းကို ထောင်ခြင်းငှာ မစွမ်းနိုင်၊ ပရိတ်'အရံအတား'ကို မပြုမိသော ဥဒေါင်းမင်းအား ထိုနေ့၌ပင်လျှင် ကျော့ကွင်းဖြင့် ဆောင်ယူဖမ်းဆီးခြင်းငှာ စွမ်းနိုင်၏''ဟု ဆက်လက်၍ ဖြေကြားတော်မူခဲ့ပါသည်။ (မိလိန္ဒပဉှပါဠိတော်မြန်မာပြန်၊ နှာ–၁၆၆)

ပရိတ်တော်၊ ဂါထာမန္တန်တော်တို့သည် လူတိုင်းကို စောင့်ရှောက်ပါသလော ဟူသော မေးခွန်းနှင့်ပတ်သက်၍မူ အရှင်နာဂသေနက ''မင်းမြတ်. . . ပဉ္စာနန္တရိယကံက တားမြစ်သဖြင့်လည်းကောင်း၊ နိယတမိစ္ဆာဒိဋ္ဌိဟူသော ကိလေသာက တားမြစ်သဖြင့်လည်းကောင်း၊ ကာကွယ်လိမ့်မည်ဟု မယုံကြည်သဖြင့်လည်းကောင်း ဤအကြောင်းသုံးပါးတို့ဖြင့် ပရိတ်'အရံအတား'သည် မစောင့်ရှောက်''ဟု အစချီကာ ဥပမာနှင့်တကွ အကျယ်တဝင့် မိန့်ကြားတော်မူခဲ့ပါသည်။ (မိလိန္ဒပဉှပါဠိတော်မြန်မာပြန်၊ နှာ–၁၆၇)

သို့ဖြစ်၍ ပရိတ်တော်၊ ဂါထာမန္တန်တော်တို့၏ စောင့်ရှောက်မှုကို ခံယူရရှိလိုပါက အမိသတ်ခြင်းစသော ပဉ္စာနန္တရိယကံ ကျူးလွန်သူ မဖြစ်ရန်နှင့် မှားယွင်းသော အယူရှိသူ မဖြစ်ရန် လိုအပ်သကဲ့သို့ ပရိတ်တော်, ဂါထာမန္တန်တော်တို့၏ အစွမ်းကို ယုံကြည်ရန်လည်း လိုအပ်ပါသည်။ ထို့ပြင် အလှူပေးခြင်း၊ သီလဆောက်တည်ခြင်း၊ ဘာဝနာပွားများခြင်း ကုသိုလ်များပြုလုပ်၍ ပရိတ်တော်, ဂါထာမန္တန်တော်များကို ရွတ်ပွားပူဇော်ပါက ကုသိုလ်အကျိုးဖြင့် အစွမ်းသတ္တိ ပိုမိုရရှိနိုင်ပေရာ အန္တရာယ်ကင်းခြင်း၊ အသက်ရှည်ခြင်း၊ အောင်မြင်ခြင်း၊ ကောင်းကျိုးလိုအင်ဆန္ဒများ ပြည့်ဝခြင်းစသော အကျိုးများကို ရရှိနိုင်ကြပါသည်။

# နိဒါန်း

ယခုအခါ ဥပ္ပါတသန္တိပရိတ်တော်ကို အစီအစဉ်တကျ ရွတ်ပွားသူ များပြားလာကြသဖြင့် သာသနာရေးဦးစီးဌာနမှ ထုတ်ဝေထားသော သီရိမင်္ဂလာပရိတ်တော် (၃၁)သုတ်မှ ဥပ္ပါတသန္တိပါဠိနှင့် ယင်းသုတ်တော်၏ မြန်မာပြန်အကျဉ်းကို ထုတ်နုတ်၍ ပဋ္ဌာန်းပစ္စယနိဒ္ဒေသပါဠိတော်နှင့် တွဲဖက်လျက် ရွတ်ပွားရန် အစီအရင်များနှင့်တကွ ဤ**''ဥပ္ပါတသန္တိဝတ်ရွတ်စဉ်''**ကို ပုံနှိပ်ထုတ်ဝေအပ်ပါသတည်း။

**သာသနာရေးဦးစီးဌာန**

# ဥပ္ပါတသန္တိ ဝတ်ရွတ်စဉ်

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

---

## စိန်ရောင်ခြည်ဘုရားပင့်

အင်္ဂီရသဿ ဥဏ္ဏာယ၊
ဒါဌာဟိ သေတရံသိယော။
ဝဇိရာဝ ဝိရောစန္တိ၊
ဇိနော မေ ဌာတု သီသကေ။

**အင်္ဂီရသဿ၊** အယုတ် အလတ် အမြတ်ပိုင်းခြား လွန်ကြီးမား၍ သုံးပါးဆယ်လီ ပါရမီတော်အဟုန် စာဂီတော်ဂုဏ်တို့ကြောင့် ခြောက်ရောင်စုံ ကွန့်မြူးလျက် **'အင်္ဂီရသ'**ဆိုတဲ့ ဘွဲ့ထူးကို အံ့ကျူးခံ့ခိုင် ဖက်မပြိုင်နိုင်အောင် လက်ကိုင်ရရှိတော်မူ သော ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏။

**ဘမုကန္တရေ၊** မျက်ခုံးတော်နှစ်သွယ် အလယ်ဗဟိုတည့်တည့်၌။

**သဥ္ဇာတာယ၊** နုပြုထွားထွား ကောင်းစွာပေါက်ဖွား ဖြစ်ပေါ်၍ လာတော်မူသော။

**ဥဏ္ဏာယစ၊** ဆွဲလို့ဆန့်လျှင် နှစ်တောင်ခန့် ရှည်လျားသဖြင့် စိန်သားနှစ်အသွင် ငွေနန်းချည်အမျှင်ကဲ့သို့ ဖြူစင်ဝင်းသစ် လက်ယာရစ်ခွေရုံ စိန်ကြယ်ပွင့်အနေပုံလို ဥဏ္ဏာလုံခေါ် မွေးရှင်တော်ဓာတ် လွန်ထူးမြတ်သည့် အရပ်တော်မှလည်းကောင်း။

**ဒါဌာဟိစ၊** ပတ္တမြားခေါင်ရန်း နှင်းဆီပန်းကဲ့သို့ နီမြန်းသော နှုတ်ခမ်းတော်တို့ဖြင့် မပေါ်အောင်ဖုံးပိတ်၍ ထားအပ်သော သွားတော်လေးဆယ် စွယ်တော်လေးဆူ ဖြူရာရာဓာတ်တော်ထူးတို့မှလည်းကောင်း။

**သေတရံသိယော၊** ပုလဲအနှစ် စိန်စစ်နမူ ဘော်ဖြူငွေရွက် ဖြန့်ကြက်စီခြယ် ငွေကြယ်ရောင်သန်း ကေလာသငွေတောင်ကို နေအရောင်လွှမ်းဘိသကဲ့သို့ မြတ်လေးပန်းစပယ်ငုံ ကြာဖြူပွင့်ဝတ်မှုန်လို ပုံပမာကပ် စိန်တောင်ကို တိမ်ရောင် ဟပ်ဘိသကဲ့သို့ တလျှပ်လျှပ် တဖိတ်ဖိတ် တရိပ်ရိပ် တလည့်လည့် ထိန်ပြောင် ကြည်တဲ့ စိန်ရောင်ခြည်ဓာတ် ဖြူဖွေးသော အဆင်းတော်မြတ်တို့သည်။

**ဝဇိရာဝ၊** စိန်နှစ်စိန်သွေး ဖြူဖွေးတောက်ပြောင် စိန်သားတောင်ကြီးကဲ့သို့။

**ဝိရောစန္တိ၊** ဖူးမြင်ရသူတို့၏ စိတ်ဝယ်အထူး ဘဝင်မှာကြည်နူးလောက်အောင် ရွှင်မြူးတက်ကြွ ဘက်မမျှသဖြင့် လှပဆန်းကြယ် တင့်တယ်တော်မူကြပါပေ ကုန်၏။

**သော ဖိနော၊** ထူးထွေဆန်းလည် စိန်ရောင်ခြည်တို့ကြောင့် အင်္ဂီရသံ ဘွဲ့ထူးခံ သည့် ငါးမာရ်အောင်ပြီး ထိုဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။

**မေ မမ၊** ရုပ်နှင့်နာမ်သာ ထိုနှစ်ဖြာကို သက္ကာယစွဲ အထင်လွဲ၍ ငါပဲသမုတ် အကျွန်ုပ်၏။

**သီသကေ၊** ဦးခေါင်းရတနာ မြတ်ရာထားတင် ဦးထိပ်ပြင်၌။

**ဌာတု၊** ဘေးရန်ခပ်သိမ်း ကင်းငြိမ်းစေမှု မေတ္တာပြု၍ ကြည့်ရှုကိုယ်တိုင် ခိုင်ခိုင်မတ်မတ် တန့်ရပ်တည်နေတော်မူလှည့်ပါ့ စိန်ရောင်ခြည် နေတန္တူန်းကဲ့သို့ ရွှေဘုန်းတော်သခင် အရှင်မြတ်ကြီးဘုရား။

(လယ်တီပဏ္ဍိတ–ဦးမောင်ကြီး)

# ငါးပါးသီလ ခံယူဆောက်တည်ခြင်း

**(လူပုဂ္ဂိုလ်, ဥပါသကာ, ဥပါသိကာမတို့ သီးသန့်ရွတ်ပွားသည့်အခါ အသုံးပြုရန်၊ အစီအစဉ်တွင် မပါဝင်က ချန်ထားရန်။)**

ဩကာသ ဩကာသ ဩကာသ ကာယကံ ဝစီကံ မနောကံ သဗ္ဗဒေါသ ခပ်သိမ်းသော အပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှာ ပထမ ဒုတိယ တတိယ တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ်မြောက်အောင် ဘုရားရတနာ တရားရတနာ သံဃာရတနာ ရတနာမြတ်သုံးပါးတို့ကို အရိုအသေ အလေးအမြတ် လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

ကန်တော့ရသော အကျိုးအားကြောင့် အပါယ်လေးပါး, ကပ်သုံးပါး, ရပ်ပြစ်ရှစ်ပါး, ရန်သူမျိုးငါးပါး, ဝိပတ္တိတရားလေးပါး, ဗျသနတရားငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရား။

အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ ။

ဒုတိယမ္ပိ– အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

တတိယမ္ပိ – အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ ။

အာမ ဘန္တေ

----------

ဥပ္ပါတသန္တိဝတ်ရွတ်စဉ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(သုံးကြိမ်)

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

ဓမ္မံ သရဏံ ဂစ္ဆာမိ။

သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။

တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

အာမ ဘန္တေ။

----------

၁။ ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၂။ အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၄။ မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၅။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

အာမ ဘန္တေ

----------

# နတ်ဖိတ်အမှန်း

သမန္တာ စက္ကဝါဠေသု၊
အတြာ’ ဂစ္ဆန္တု ဒေဝတာ။
သဒ္ဓမ္မံ မုနိရာဇဿ၊
သုဏန္တု သဂ္ဂမောက္ခဒံ။

ဓမ္မဿဝနကာလော အယံ ဘဒန္တာ။
ဓမ္မဿဝနကာလော အယံ ဘဒန္တာ။
ဓမ္မဿဝနကာလော အယံ ဘဒန္တာ။

**သမန္တာ၊** မြေမဟီချာ ရေသီတာနှင့် ဒီပါလေးကျွန်း မြင်းမိုရ်ထွန်းသား စက်ဝန်းအသွင် ဤစကြဝဠာ၏ ထက်ဝန်းကျင်မှ။

**စက္ကဝါဠေသု၊** ယူဇနာပေါင်း ရှစ်သောင်းနှစ်ထောင် အမြင့်ဆောင်သော တောင်စကြဝဠာ ကာရံကျောက်စိုက် ဝန်း၍ဝိုက်သော တိုက်ဇာတိပေါင်း တစ်သောင်းသော လောကဓာတ်တို့၌။

**ဝသန္တာ၊** ဒေဝိဒ္ဓိဂုဏ် အင်စုံညီမျှ နေထိုင်ကြကုန်သော။

**ဒေဝတာ၊** အာဏာလွှမ်းမိုး တန်ခိုးကြီးမြတ် အနတ်နတ်တို့သည်။

**အတြ၊** (ပရိတ်တော်မြတ်) ရွတ်ဖတ်သရဇ္ဈာယ်ရာ ဤနေရာသို့။

**အာဂစ္ဆန္တု၊** အားလုံးအားလုံး ပေါင်းရုံးအများ သဒ္ဒါပွားလျက် တရားတော်နာလာရောက်ကြပါကုန်လော့။

**မုနိရာဇဿ၊** အရဟန္တ သာဝကနှင့် ပစ္စေကမုနိ အစရှိသော မုနိတကာတို့၏ ထိပ်ပန်း ရဟန်းတကာတို့၏သရဖူ လူတကာတို့၏သင်းကျစ် နတ်တကာတို့၏ အဆင်တန်ဆာ ပြဟ္မာတကာတို့၏ဦးသျှောင် ငါးမာရ်အောင်သော မင်းခေါင်မင်းဖျား မင်းတရားကြီးဘုရား၏။

**သဂ္ဂမောက္ခဒံ၊** နတ်ဝေဇယန် ငွေကဒက်နှင့် နေရဟာန်ရွှေဘုံ ဖေယျခုံသို့ လှုံစေလသေား အကျိုးကို ပေးတတ်သော။

**သဒ္ဓမ္မံ၊** သံဝိဇ္ဇမာန သဒ္ဓမ္မနှင့် ပသဋ္ဌဂုဏ် အင်စုံညီညွတ် တုလွတ်အကျော် (ပရိတ်တော်)ဟု ဆိုအပ်သော တရားတော်ကို။

**သုဏန္တု၊** မိစ္ဆာဝိတက် မငြိယှက်ဘဲ ပြည့်နှက်အာရုံ မှတ်သား နာခံကြပါကုန်လော့။

**ဘဒန္တာ၊** သောင်းတိုက်စက္ကဝါ ထက်ဝလာမှ ညီညာဖျဖျ ရောက်လာကြကုန်သော ဒေဝ ဒေဝါ အို–နတ်ပြဟ္မာတို့။

**အယံ ကာလော၊** ဓမ္မသဘင် ဆင်ယင်ပါရ ဤအခါသမယသည်။

**ဓမ္မဿဝနကာလော၊** ကုသိုလ်စိတ်ယှဉ် ဓာအစဉ်နှင့် ကြည်ရွှင်လေးမြတ် နာကြားအပ်ရာ မင်္ဂလာအခါကြီးပါပေတည်း။

# ဥပ္ပါတသန္တိပါဠိ – မြန်မာပြန်

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

## ဂန္ထာရမ္ဘ

| ဥပ္ပါတသန္တိပါဠိ | ဥပ္ပါတသန္တိအဓိပ္ပါယ်အကျဉ်း |
|---|---|
| (က) သုဒုဒ္ဒသော အယံ ဓမ္မော၊<br>လောကတ္ထံ ဇိနဒေသိတော။<br>မဟာသန္တိကရော လောကေ၊<br>သဗ္ဗသမ္ပတ္တိဒါယကော။ | (က) မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ဤတရားတော်သည် မြင်နိုင်ခဲပြီး အထူးမွန်မြတ်၍ ငြိမ်သက်၊ စည်းစိမ်ချမ်းသာတို့ကို ပေးစေတတ်၏။ |
| (ခ) သဗ္ဗုပ္ပါတူပသမနော၊<br>ဘူတယက္ခနိဝါရဏော။<br>အကာလမစ္စုသမနော၊<br>သောကရောဂဝိနာသနော။ | (ခ) ငင်းပြင် ဘေးရန်ခပ်သိမ်း၊ ကိုယ်စိတ်နှစ်ပါး ကြောင့်ကြကင်း၍ ဘီလူးတစ္ဆေဘေး ကင်းကာ ဥပစ္ဆေဒကကံကြောင့် မသေနိုင်။ |
| (ဂ) ပရစက္ကုပမဒ္ဒနော၊<br>ရညော ဝိဇယဝဟနော။<br>သဗ္ဗာနိဋ္ဌဟရော သန္တော၊<br>ဓမ္မံ ဝက္ခာမိ ဘူတတော။ | (ဂ) သူတစ်ပါး၏ မကောင်းသော လုပ်ရပ်ကို ဖျက်ဆီးစေတတ်၏၊ ရန်သူကို အထူးအောင်မြင်စေပြီး အလိုမရှိသော ဘေးရန်ဟူသမျှကို ပယ်ဖျောက်နိုင်၏။ |

(ဃ) ဝတ္ထုတ္တယဿ ယော ယတ္ထ၊
သံဝဏ္ဏေတိ ဂုဏုတ္တမေ။
တဿ တတ္ထ သုခါရောဂျ—
သောတ္ထိယော ဟောန္တိ သဗ္ဗဒါ။

(ဃ) ရတနာသုံးပါး ယုံကြည်သူသည် မည်သည့်နေရာ၌ပင် ရှိသည်ဖြစ်စေ ဘေးကင်း၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာရ၏။

## နှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်များ

၁။ တဏှင်္ကရော မဟာဝီရော၊
သဗ္ဗလောကာနုကမ္ပကော။
ဝဋ္ဋသံသာရဂမနော၊
သဗ္ဗကာမဒဒေါ သဒါ။

(၁) တဏှင်္ကရာမြတ်စွာဘုရားသည် ကြီးမြတ်သော လုံ့လဝီရိယရှိတော်မူ၍ လူ၊ နတ်၊ ပြဟ္မာတို့ကို အစဉ်သနားတော်မူ၏၊ အလိုဆန္ဒကို အခါခပ်သိမ်း ပေးတော်မူ၏။

၂။ သဗ္ဗာဘိဘူ သဗ္ဗဝိဒူ၊
သဗ္ဗဒေဝဂရုတ္တမော။
သဗ္ဗာသဝပရိက္ခီဏော၊
သဒါ သောတ္ထိံ ကရောတု နော။

(၂) အာသဝေါတရား လေးပါးတို့ ကုန်စင်ပြီး ခပ်သိမ်းသော သူတို့၏ ဆရာဖြစ်၏။ ထိုမြတ်စွာ ဘုရားသည် အခါခပ်သိမ်း ကျွန်ုပ်တို့အား ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

၃။ ဝရလက္ခဏသမ္ပန္နော၊
မေဓင်္ကရော မဟာမုနိ။
ဇုတိန္ဓရော မဟာသိရီ၊
သုဝဏ္ဏဂိရိသန္နိဘော။

(၃) မေဓင်္ကရာမြတ်စွာဘုရားသည် လက္ခဏာတော် ကြီးငယ်တို့နှင့် ပြည့်စုံတော်မူပြီး ကိုယ်ရောင် ဉာဏ်ရောင်ကို ဆောင်တော်မူ၏။ ကြီးမြတ်သော ဘုန်း ပညာ အသရေရှိတော်မူ၏။

၄။ ဒိဗ္ဗရူပေါ မဟာကာယော၊
မဟာနာဒော မဟာဗ္ဗလော။
မဟာကာရုဏိကော သတ္ထာ၊
မဟာသန္တိံ ကရောတု နော။

(၄) များစွာသော သူတို့၏ ကိုးကွယ်ရာဖြစ်၏။ ကိုယ်အားဆယ်ပါး၊ ဉာဏ်အားဆယ်ပါးရှိတော်မူ၏။ ထိုမြတ်စွာဘုရားသည် အကျွန်ုပ်တို့အား ငြိမ်သက် ချမ်းသာခြင်းကို ပြုပေးတော်မူပါဘုရား။

၅။ မဟာမောဟတမံ ဟန္တွာ၊
ယော နာထော သရဏင်္ကရော။
ဒေဝါဒေဝမနုဿာနံ၊
လောကာနုဋ္ဌ ဟိတင်္ကရော။

(၅) သရဏင်္ကရာ မြတ်စွာဘုရားသည် ကြီးစွာသော အဝိဇ္ဇာအမိုက်မှောင်ကို ပယ်ဖျောက်တော်မူ၏။ လောက၏အကျိုးစီးပွားကို ပြုတော်မူ၏။

၆။ ဗျာမပ္ပဘာဘိရုစိတော၊
နိဂြောဓပရိမဏ္ဍလော။
နိဂြောဓပက္ကဗိမ္ဗောဋ္ဌော၊
သဒါ သောတ္ထိံ ကရောတု နော။

(၆) တစ်လံမျှလောက်သော ရောင်ခြည်တော်ဖြင့် အလွန်နှစ်သက်ဖွယ်ရှိ၏။ မြတ်စွာဘုရားသည် အကျွန်ုပ်တို့အား ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

၇။ အသီတိရတနုဗ္ဗေဓော၊
ဒီပင်္ကရော မဟာမုနိ။
ပဘာ နိဒ္ဓါဝတေ တဿ၊
ဌာနေ ဒွါဒသ ယောဇနေ။

(၇) ဒီပင်္ကရာမြတ်စွာဘုရားသည် အတောင်ရှစ်ဆယ် အရပ်မြင့်တော်မူ၍ ကိုယ်တော်ရောင်သည် (၁၂)ယူဇနာတိုင် ကွန့်မြူးတော်မူ၏။

၈။ ဝဿဿတသဟဿာနိ၊
ဌတွာ လောကေ ဝိနာယကော။
လောကာလောကကရော သတ္ထာ၊
သဒါ သောတ္ထိံ ကရောတု နော။

(၈) လောကသုံးပါး၌ အနှစ်တစ်သိန်းပတ်လုံး တည်နေတော်မူ၍ နိဗ္ဗာန်သို့ ပို့ဆောင်၏၊ ထိုမြတ်စွာဘုရားသည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

၉။ အဋ္ဌာသီတိဟတ္ထုဗ္ဗေဓော၊
<u>ကောဏ္ဍညော</u> နာမ နာယကော။
သဗ္ဗဓမ္မေဟိ အသမော၊
သဗ္ဗပါရမိတာဂမော။

(၉) ကောဏ္ဍညမြတ်စွာဘုရားသည် ၈၈–တောင် အရပ်တော်မြင့်၍ ခပ်သိမ်းသော ဘုရားဂုဏ်ကျေးဇူးတော်တို့ဖြင့် အတူရှိတော်မမူ၊ ပါရမီတော်တို့၏ အဆုံးကို ရောက်တော်မူ၏။

၁၀။ ဝဿဿတသဟဿာနိ၊
အာယု တဿ မဟေသိနော။
မောစေတု သော သဗ္ဗဘယာ၊
သဒါ သောတ္ထိံ ကရောတု နော။

(၁၀) ကောဏ္ဍည မြတ်စွာဘုရားသည် အသက်တော် အနှစ်တစ်သိန်းရှည်၏၊ အကျွန်ုပ်တို့အား ဘေးရန်ခပ်သိမ်းမှ လွတ်စေတော်မူပါဘုရား၊ ကိုယ်စိတ်နှစ်ပါး ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

၁၁။ အဋ္ဌာသီတိရတနာနိ၊
အစ္စုဂ္ဂတော ဇုတိန္ဓရော။
မင်္ဂလော နာမ သမ္ဗုဒ္ဓေါ၊
နဝုတိသဟဿာယုကော။

(၁၁) မင်္ဂလ မြတ်စွာဘုရားသည် ၈၈—တောင် အရပ်တော်မြင့်၍ ကိုယ်ရောင် ဉာဏ်ရောင်ကို ဆောင်တော်မူ၏၊ အနှစ် ကိုးသောင်း သက်တော်ရှည် တော်မူ၏။

၁၂။ သဗ္ဗဏ္ဏရံသိယော ဒသ–
သဟဿလောကဓာတုယော။
ဖရန္တာ တဿ ဆာဒေန္တိ၊
သေ သောတ္ထိံ ကရောတု နော။

(၁၂) ရောင်ခြည်တော်ခြောက်သွယ် စကြဝဠာတစ်သောင်း ကွန့်မြူး ပျံ့နှံ့၏၊ ထိုမြတ်စွာဘုရားသည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ချမ်းသာခြင်းကို ပြုတော်မူပါ ဘုရား။

၁၃။ နဝုတိရတနုဗ္ဗေဓော၊
သုမနော နာမ နာယကော။
ကဥ္စနာစလသင်္ကာသော၊
နဝုတိသဟဿာယုကော။

(၁၃) သုမန မြတ်စွာဘုရားသည် တရွေ့ရွေ့ သွားနေသော ရွှေတောင်နှင့်တူ၏၊ အတောင် ကိုးဆယ် အရပ်တော်မြင့်တော် မူ၍ အနှစ်ကိုးသောင်း သက် တော် ရှည်တော်မူ၏။

၁၄။ ဥပေတော ဗုဒ္ဓဂုဏေဟိ၊
သဗ္ဗသတ္တဟိတေသကော။
ကရောတု နော မဟာသန္တိံ၊
အာရောဂျဥ္စ သုခံ သဒါ။

(၁၄) တစ်ဆယ့်ရှစ်ပါးသော ဂုဏ် ကျေးဇူးတော်တို့နှင့် ပြည့်စုံ တော်မူ၏။ သတ္တဝါအားလုံး၏ အကျိုးစီးပွားကို ရှာမှီးသော ထို မြတ်စွာဘုရားသည် အကျွန်ုပ် တို့အား အနာရောဂါကင်းစင် ခြင်းကို ပြုတော်မူပါဘုရား။

၁၅။ အသီတိရတနုဗ္ဗေဓော၊
သဋ္ဌိသဟဿ အာယုကော။
ရေဝတော နာမ သမ္ဗုဒ္ဓေါ၊
သဗ္ဗလောကုတ္တရော မုနိ။

(၁၅) ရေဝတ မြတ်စွာဘုရားသည် အတောင်(၈၀) အရပ်တော် မြင့်၍ အနှစ်ခြောက်သောင်း သက်တော်ရှည်၏။ လောကသုံးပါးထက် အတုမရှိ မြတ်တော်မူ၏။

၁၆။ တဿ သရီရေ နိဗ္ဗတ္တာ၊
ပဘာမာလာ အနုတ္တရာ။
ဖရန္တာ ယောဇနေ နိစ္စံ၊
သဒါ သောတ္ထိံ ကရောတု နော။

(၁၆) ထိုမြတ်စွာဘုရား၏ အတုမရှိသော ရောင်ခြည်တော်သည် တစ်ယူဇနာ ကွန့်မြူး၏၊ ထိုမြတ်စွာဘုရားသည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

၁၇။ သောဘိတော နာမ သမ္ဗုဒ္ဓေါ၊
နဝုတိသဟဿာယုကော။
သံသာရသာဂရေ သတ္တေ၊
ဗဟူ မောစေတိ ဒုက္ခတော။

(၁၇) သောဘိတမြတ်စွာဘုရားသည် အနှစ်ကိုးသောင်း အသက်တော်ရှည်၍ သတ္တဝါတို့အား ဆင်းရဲခြင်းမှ လွတ်မြောက်စေတော်မူ၏။

၁၈။ အဋ္ဌပညာသရတနံ၊
အစ္စုဂ္ဂတော မဟာမုနိ။
ဩဘာသေတိ ဒိသာ သဗ္ဗာ၊
သဒါ သောတ္ထိံ ကရောတု နော။

(၁၈) ၅၈–တောင် အရပ်မြင့်တော်မူ၏၊ ကိုယ်တော် ဉာဏ်တော် ရောင်ဖြင့် အရပ်မျက်နှာ ခပ်သိမ်းကို တောက်ပစေ၏၊ အကျွန်ုပ်တို့အား ကိုယ်စိတ် နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

၁၉။ အနောမဒဿီ သမ္ဗုဒ္ဓေါ၊
တေဇဿီ ဒုရတိက္ကမော။
အဋ္ဌပဏ္ဏာသရတနော၊
သြဘာသေန္တော သဒေဝကေ။

(၁၉) အနောမဒဿီမြတ်စွာဘုရားသည် ၅၈–တောင် အရပ်တော် မြင့်တော်မူ၍ လောက၌ ကိုယ်ရောင် ဉာဏ်ရောင်ကြောင့် ထွန်းလင်းတောက်ပတော်မူ၏။ တန်ခိုးကြီးပြီး ရန်သူကို အောင်နိုင်၏။

၂၀။ နိဗ္ဗာနပါပကော လောကေ၊
ဝဿသတသဟဿာယု။
ကရောတု နော မဟာသန္တိံ၊
သုခိတာ စ မယံ သဒါ။

(၂၀) အနှစ်တစ်သိန်း အသက်ရှည်တော်မူပြီး သတ္တဝါတို့ကို နိဗ္ဗာန်သို့ ရောက်စေတော်မူသော ထိုမြတ်စွာဘုရားသည် အကျွန်ုပ်တို့အား မွန်မြတ်သော ငြိမ်သက်ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

၂၁။ ပဒုမော နာမ သမ္ဗုဒ္ဓေါ၊
လောကဇေဋ္ဌော နရာသဘော။
အဋ္ဌပညာသရတနော၊
အာဒိစ္စောဝ ဝိရောစတိ။

(၂၁) ပဒုမမြတ်စွာဘုရားသည် လူသုံးပါးတို့ထက် ကြီးမြတ်တော်မူ၏၊ ၅၈–တောင် အရပ်တော် မြင့်တော်မူ၍ နေမင်းကဲ့သို့ တင့်တယ်တော်မူ၏။

၂၂။ ဝဿသတသဟဿာနိ၊
အာယု တဿ မဟေသိနော။
သောပိ ဗုဒ္ဓေါ ကာရုဏိကော၊
သဒါ သောတ္ထိံ ကရောတု နော။

(၂၂) အနှစ်တစ်သိန်း သက်တော်ရှည်တော်မူ၏။ ထိုမြတ်စွာဘုရားသည် အကျွန်ုပ်အား ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

၂၃။ အဋ္ဌာသီတိရတနုဗ္ဗေဓော၊
နာရဒေါ သဗ္ဗကာမဒေါ။
နိရန္တရံ ဒီဝါရတ္တိံ၊
ယောဇနံ ဖရတေ ပဘာ။

(၂၃) နာရဒ မြတ်စွာဘုရားသည် အလိုခပ်သိမ်းကို ပေးတော်မူ၏။ ၈၈–တောင် အရပ်မြင့်တော်မူ၍ ကိုယ်တော်ရောင်သည် တစ်ယူဇနာတိုင်အောင် ကွန့်မြူးတော်မူ၏။

၂၄။ နဝုတိဝဿသဟဿာနိ၊
ဌတွာ လောကေ ဝိနာယကော။
မောစေတိ ဒုက္ခတော သတ္တေ၊
သောပိ သောတ္ထိံ ကရောတု နော။

(၂၄) အနှစ်ကိုးသောင်း အသက်ရှည်၍ သတ္တဝါတို့အား ဝဋ်ဆင်းရဲမှ လွတ်မြောက်စေတော်မူ၏။ ထိုမြတ်စွာဘုရားသည် အကျွန်ုပ်အား ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

၂၅။ အဋ္ဌပဏ္ဏာသရတနော၊
ပဒုမုတ္တရော မဟာမုနိ။
တဿ ပါကတိကာ ရံသီ၊
ဖရန္တိ ဒွါဒသ ယောဇနေ။

(၂၅) ပဒုမုတ္တရ မြတ်စွာဘုရားသည် ၅၈–တောင် အရပ်တော်မြင့်တော်မူ၍ ပကတိ ရောင်ခြည်တော်သည် တစ်ဆယ့်နှစ်ယူဇနာတိုင် ပျံ့နှံ့၏။

၂၆။ ဝဿသတသဟဿာနိ၊
ဌတွာ လောကေ’မတန္ဒဒေါ။
မောစေတိ ဗန္ဓနာ သတ္တေ၊
သောပိ ပါလေတု နော သဒါ။

(၂၆) အနှစ်တစ်သိန်း အသက်ရှည်တော်မူ၍ သတ္တဝါတို့အား ကိလေသာမှ လွတ်မြောက်စေ၏။ ထိုမြတ်စွာဘုရားသည် အကျွန်ုပ်အား ဘေးအန္တရာယ်ကင်းအောင် စောင့်ရှောက်တော်မူပါဘုရား။

၂၇။ အဋ္ဌာသီတိရတနာနိ၊
အစ္စုဂ္ဂတော မဟာမုနိ။
<u>သုမေဓော</u> နာမ သမ္ဗုဒ္ဓေါ၊
နဝုတိသဟဿာယုကော။

(၂၇) သုမေဓာမြတ်စွာဘုရားသည် ရဟန်းမြတ်ဖြစ်တော်မူပြီး ၈၈-တောင် အရပ်တော် မြင့်တော်မူ၍ အနှစ်ကိုးသောင်း အသက်ရှည်တော်မူ၏။

၂၈။ တဿ ပါကတိကာ ရံသီ၊
ဖရန္တိ ယောဇနံ သဒါ။
ပါလေတု နော သဒါ ဗုဒ္ဓေါ၊
ဘယေဟိ ဝိဝိဓေဟိ စ။

(၂၈) တစ်ယူဇနာတိုင်အောင် ရောင်-ခြည်တော် ကွန့်မြူး၏၊ ထိုမြတ်စွာဘုရားသည် အကျွန်ုပ်အား အထူးထူးသော ဘေးရန်တို့မှ ကာကွယ်စောင့်ရှောက်တော်မူပါ အရှင်ဘုရား။

၂၉။ ပညာသရတနုဗ္ဗေဓော၊
<u>သုဇာတော</u> နာမ နာယကော။
ဟေမဝဏ္ဏော မဟာဝီရော၊
မဟာတမဝိနောဒနော။

(၂၉) သုဇာတမြတ်စွာဘုရားသည် အတောင်(၅၀) အရပ်မြင့်တော်မူ၍ ကြီးမြတ်သော လုံ့လဝီရိယရှိတော်မူ၏၊ ကြီးမားသော အမိုက်တိုက်ကို ပယ်ဖျောက်တော်မူ၏။

၃၀။ နဝုတိဝဿသဟဿာနိ၊
အာယု တဿ မဟေသိနော။
သောပိ ဗုဒ္ဓေါ ကာရုဏိကော၊
သဒါ သောတ္ထိံ ကရောတု နော။

(၃၀) အနှစ်ကိုးသောင်း အသက်ရှည်တော်မူ၏၊ သတ္တဝါတို့အား ကရုဏာရှိ၏၊ ထိုမြတ်စွာဘုရားသည် အကျွန်ုပ်တို့အား ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

၃၁။ အသီတိရတနုဗ္ဗေဓော၊
ပိယဒဿီ မဟာမုနိ။
နဝုတိဝဿသဟဿာနိ၊
ဌတွာ လောကဂ္ဂနာယကော။

(၃၁) ပိယဒဿီ မြတ်စွာဘုရားသည် အတောင်(၈၀) အရပ်မြင့်တော်မူ၍ အနှစ်ကိုးသောင်း အသက်ရှည်တော်မူ၏။ မွန်မြတ်သော ခရီးလမ်းညွှန်ပြတော်မူ၏။

၃၂။ သောပိ သဗ္ဗဂုဏူပေတော၊
သဗ္ဗလောကသုခပ္ပဒေါ။
သဗ္ဗဒေါသံ ဝိနာသေန္တော၊
သဗ္ဗံ သောတ္ထိံ ကရောတု နော။

(၃၂) ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံ၍ လူခပ်သိမ်းတို့အား ချမ်းသာခြင်းကို ပေးတော်မူ၏။ ထိုမြတ်စွာဘုရားသည် အကျွန်ုပ်တို့အား ချမ်းသာခြင်းကို ပြုပေးတော်မူပါဘုရား။

၃၃။ အသီတိရတနုဗ္ဗေဓော၊
အတ္ထဒဿီ နရာသဘော။
ဝဿသတသဟဿာနိ၊
လောကေ အဋ္ဌာသိ နာယကော။

(၃၃) အတ္ထဒဿီမြတ်စွာဘုရားသည် လူသုံးပါးတို့ထက် ကြီးမြတ်တော်မူ၏၊ အတောင်(၈၀) အရပ်မြင့်၍ အနှစ်တစ်သိန်း အသက်ရှည်တော်မူ၏။

၃၄။ တဿ ပါကတိကာ ရံသီ၊
ဖရန္တိ ယောဇနံ သဒါ။
နိရန္တရံ ဒိဝါရတ္တိံ၊
နာထော သောတ္ထိံ ကရောတု နော။

(၃၄) ပကတိရောင်ခြည်တော်သည် နေ့ညဥ့်မပျက် အခါခပ်သိမ်း တစ်ယူဇနာတိုင်အောင် ပျံ့နှံ့၏၊ ထိုမြတ်စွာဘုရားသည် အကျွန်ုပ်တို့အား ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

၃၅။ <u>ဓမ္မဒဿီ</u> စ သမ္ဗုဒ္ဓေါ၊
အသီတိဟတ္ထ’မုဂ္ဂတော။
အတိရောစတိ တေဇေန၊
သဒေဝါသုရမာနုသေ။

(၃၅) ဓမ္မဒဿီမြတ်စွာဘုရားသည် အတောင် (၈၀)အရပ်မြင့်၍ လောကသုံးပါး၌ တန်ခိုး အာနုဘော် အလွန်တင့်တယ်၏။

၃၆။ ဝဿသဿတသဟဿာနိ၊
ဌတွာ လောကေ မဟာယသော။
သဗ္ဗသတ္တေ ပမောစေတိ၊
ဘယာ ရက္ခတု နော သဒါ။

(၃၆) အနှစ်တစ်သိန်း အသက်ရှည်၍ အခြံအရံများစွာရှိ၏၊ ထိုမြတ်စွာဘုရားသည် အကျွန်ုပ်တို့အား အခါခပ်သိမ်း စောင့်ရှောက်တော်မူပါဘုရား။

၃၇။ <u>သိဒ္ဓတ္ထော</u> နာမ သမ္ဗုဒ္ဓေါ၊
သဋ္ဌိရတန’မုဂ္ဂတော။
တိဘဝေ သောတ္ထိဇနကော၊
သတသဟဿအာယုကော။

(၃၇) သိဒ္ဓတ္ထ မြတ်စွာဘုရားသည် အတောင်(၆၀) အရပ်တော်မြင့်၍ ဘုံသုံးပါး၌ စီးပွားချမ်းသာကို ဖြစ်စေတော်မူ၏။ အနှစ်တစ်သိန်း အသက်ရှည်၏။

၃၈။ သံသာရသာဂရာ လောကေ၊
သန္တာရေတွာ သဒေဝကေ။
နိဗ္ဗာပေတိ စ သော သတ္ထာ၊
သဒါ သောတ္ထိံ ကရောတု နော။

(၃၈) နတ်လူတို့အား သံသရာဝဋ်မှ ကယ်တင်တော်မူ၏၊ ထိုမြတ်စွာဘုရားသည် အကျွန်ုပ်တို့အား ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

**၃၉။ သဋ္ဌိရတန’မုဗ္ဗေဓော၊**
**<u>တိဿော</u> လောကဂ္ဂနာယကော။**
**အနူပမော အသဒိသော၊**
**အတုလော ဥတ္တမော ဇိနော။**

(၃၉) တိဿ မြတ်စွာဘုရားသည် လူသုံးပါးတို့၏ မွန်မြတ်သော ခရီးလမ်းညွှန်ဖြစ်၍ နှိုင်းယှဉ်စရာ ဥပမာ ရှိတော်မမူ။ အတောင် (၆၀) အရပ်မြင့်တော်မူ၍ တုပြိုင်ဘက် ကင်းတော်မူ၏။

**၄၀။ ဝဿသတသဟဿာနိ၊**
**အာယု တဿ မဟေသိနော။**
**အာရောဂျွ မဟာသုခံ၊**
**ဟောတု နော တဿ တေဇသာ။**

(၄၀) အနှစ်တစ်သိန်း အသက်ရှည်တော်မူ၏၊ ထိုမြတ်စွာဘုရား၏ တန်ခိုး အာနုဘော်ကြောင့် အကျွန်ုပ်တို့အား အနာရောဂါ ကင်းလွတ်စေတော်မူပါဘုရား။

**၄၁။ အဋ္ဌပဏ္ဏာသရတနော၊**
**<u>ဖုဿော</u> လောကဂ္ဂနာယကော။**
**ဇနမ္ဗုဇံ ဝိဗောဓေန္တော၊**
**နိဗ္ဗာပေန္တော သဒေဝကေ။**

(၄၁) ဖုဿ မြတ်စွာဘုရားသည် ၅၈–တောင် အရပ်မြင့်တော်မူ၍ ဝေနေယျသတ္တဝါဟူသော ကြာငုံကို သစ္စာလေးပါးသိစေသဖြင့် ပွင့်တော်မူ၏။ နတ်, လူတို့ကို ငြိမ်းအေးစေတော်မူ၏။

၄၂။ နဝုတိဝဿသဟဿာနိ၊
ဌတွာ လောကေ မဟာယသော။
ဥဒ္ဓရန္တော ဗဟူ သတ္တေ၊
သဒါ သောတ္ထိံ ကရောတု နော။

(၄၂) အနှစ်ကိုးသောင်း အသက်ရှည်၍ အခြံအရံ များတော်မူ၏၊ သတ္တဝါတို့ကို ကယ်တင်တော်မူ၏၊ ထိုမြတ်စွာဘုရားသည် အကျွန်ုပ်တို့အား ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

၄၃။ အသီတိရတနုဗ္ဗေဓော၊
ဝိပဿီ လောကနာယကော။
ပဘာ နိဒ္ဓါဝတေ တဿ၊
သမန္တာ သတ္တ ယောဇနေ။

(၄၃) ဝိပဿီမြတ်စွာဘုရားသည် အတောင်(၈၀) အရပ်မြင့်တော်မူ၍ ရောင်ခြည်တော်သည် ခုနစ်ယူဇနာတိုင်အောင် ကွန့်မြူး၏။

၄၄။ သောပိ ဒေဝမနုဿာနံ၊
ဗန္ဓနာ ပရိမောစယိ။
အသီတိသဟဿာယုကော၊
နာထော သောတ္ထိံ ကရောတု နော။

(၄၄) အနှစ်ရှစ်သောင်း အသက်ရှည်၍ ကိလေသာအနှောင်အဖွဲ့မှ လွတ်စေတော်မူ၏၊ ထိုမြတ်စွာဘုရားသည် အကျွန်ုပ်တို့အား ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

၄၅။ သတ္တတီဟတ္ထ’မုဗ္ဗေဓော၊
သိခီ နာမေသ နာယကော။
ပဘာ နိဒ္ဓါဝတေ တဿ၊
သမန္တာ ယောဇနတ္တယေ။

(၄၅)သိခီမြတ်စွာဘုရားသည် အတောင်(၇၀) အရပ်မြင့်၍ ထက်ဝန်းကျင်မှ သုံးယူဇနာတိုင်အောင် ရောင်ခြည်တော် ကွန့်မြူး၏။

၄၆။ သောပိ အတုလျော သမ္ဗုဒ္ဓေါ၊
သတ္တတိသဟဿာယုကော။
ကရောတု နော မဟာသန္တိံ၊
သုခိတာ စ မယံ သဒါ။

(၄၆) အနှစ်ခုနစ်သောင်း အသက်ရှည်၍ တုပြိုင်ဘက် ကင်း၏၊ ထိုမြတ်စွာဘုရားသည် အကျွန်ုပ်တို့အား ချမ်းသာခြင်းကို ပေးတော်မူပါဘုရား။

၄၇။ ဝေဿဘူ နာမ သမ္ဗုဒ္ဓေါ၊
ဟေမရူပသမူပမော။
သဋ္ဌိရတန’မုဗ္ဗေဓော၊
သဋ္ဌိ စ သဟဿာယုကော။

(၄၇) ဝေဿဘူ မြတ်စွာဘုရားသည် ရွှေအဆင်းကဲ့သို့ ဝါဝင်းသော အဆင်းရှိတော်မူ၏။ အတောင် (၆၀)အရပ်မြင့်၍ အနှစ်ခြောက်သောင်း အသက်ရှည်၏။

၄၈။ ဗြဟ္မဒေဝမနုဿေဟိ၊
နာဂါသုရဒိဇေဟိ ဝါ။
ပူဇိတောပိ သဒါ နာထော၊
သဒါ သောတ္ထိံ ကရောတု နော။

(၄၈) ဗြဟ္မာ, နတ်, လူ, နဂါး, အသူရာ, ဂဠုန်တို့ အခါခပ်သိမ်း ပူဇော်အပ်၏၊ ထိုမြတ်စွာဘုရားသည် အကျွန်ုပ်တို့အား ချမ်းသာခြင်းကို ပေးတော်မူပါဘုရား။

၄၉။ တာလီသရတနုဗ္ဗေဓော၊
ကကုသန္ဓော မဟာမုနိ။
တဿ ကာယာ နိစ္ဆရန္တိ၊
ပဘာ ဒွါဒသ ယောဇနေ။

(၄၉) ကကုသန်မြတ်စွာဘုရားသည် အတောင်(၄၀) အရပ်မြင့်၍ (၁၂)ယူဇနာတိုင်အောင် ပြိုးပြိုးပြက်ပြက် ရောင်ခြည်တော် ကွန့်မြူး၏။

၅၀။ **စတ္တာလီသသဟဿာနိ၊**
**တဿ အာယု အနုတ္တရော။**
**ကရောတု သော သဒါ နာထော၊**
**အာယုံ သုခံ ဗလဉ္စ နော။**

(၅၀) အနှစ်လေးသောင်း အသက်ရှည်တော်မူ၏၊ ထိုမြတ်စွာဘုရားသည် အကျွန်ုပ်တို့အား အသက်ရှည်ခြင်း၊ ခွန်အားကြီးခြင်းကို ပြုတော်မူပါဘုရား။

၅၁။ **ကောဏာဂမနသမ္ဗုဒ္ဓေါ၊**
**တိံသဟတ္ထသမုဂ္ဂတော။**
**တိံသဝဿသဟဿာနိ၊**
**အာယု တဿ မဟေသိနော။**

(၅၁) ကောဏာဂုံမြတ်စွာဘုရားသည် အတောင်(၃၀) အရပ်မြင့်၍ ထိုမြတ်စွာဘုရား အသက်တော်သည် အနှစ်သုံးသောင်း အသက်ရှည်၏။

၅၂။ **ဓမ္မာမတေန တပ္ပေတာ၊**
**ဒေဝသံဃံ သုရာလယေ။**
**မဟီတလေ စ ဇနတံ၊**
**သဒါ သောတ္ထိံ ကရောတု နော။**

(၅၂) လူ၊ နတ်၊ ပြဟ္မာအပေါင်းကို တရားတော်ဖြင့် နှစ်သိမ့်တော်မူ၏၊ ထိုမြတ်စွာဘုရားသည် အကျွန်ုပ်တို့အား ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

၅၃။ **ကဿပေါ နာမ သမ္ဗုဒ္ဓေါ၊**
**ဓမ္မရာဇာ ပဘင်္ကရော။**
**ဝီသတိဟတ္ထ’မုဗ္ဗေဓော၊**
**ဝီသဿဟဿအာယုကော။**

(၅၃) ကဿပမြတ်စွာဘုရားသည် တရားမင်း ဖြစ်တော်မူ၏၊ ကိုယ်ရောင်၊ ဉာဏ်ရောင်ပြုတော်မူ၏၊ အတောင်(၂၀)အရပ်မြင့်တော်မူ၍ အနှစ်နှစ်သောင်း အသက်ရှည်တော်မူ၏။

၅၄။ အနူပမော’သမသမော၊
ဒေဝသတ္တာ အနုတ္တရော။
ကရောတု နော မဟာသန္တိံ၊
အာရောဂျံ့ ဇယံ သဒါ။

(၅၄) ရှေးဘုရားတို့နှင့်သာ တူ၍ နှိုင်းယှဉ်စရာ ဥပမာရှိတော်မမူ၊ ထိုမြတ်စွာဘုရားသည် အကျွန်ုပ်တို့အား ချမ်းသာခြင်းကို ပြုပေးတော်မူပါဘုရား။

၅၅။ အဋ္ဌာရသဟတ္တုဗ္ဗေဓော၊
ဂေါ်တမော သက္ယဝံမုနော။
သဗ္ဗညူ သဗ္ဗတိလကော၊
သဗ္ဗလောကသုခပ္ပဒေါ။

(၅၅) ဂေါ်တမမြတ်စွာဘုရားသည် ၁၈–တောင် အရပ်မြင့်၍ ခပ်သိမ်းသော တရားတို့ကို သိတော်မူ၏၊ သူခပ်သိမ်းတို့အား ချမ်းသာကို ပေးတော်မူ၏။

၅၆။ သမ္ပုဏ္ဍေါ သဗ္ဗဓမ္မာနံ၊
ဘဂေဟိ ဘာဂျဝါယုတော။
ဝိဇ္ဇာစရဏသမ္ပန္နော၊
သောတ္ထျာ’ရောဂျံ ဒဒါတု နော။

(၅၆) ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူ၏၊ ဝိဇ္ဇာသုံးပါး ရှစ်ပါး စရဏ(၁၅)ပါးနှင့် ပြည့်စုံတော်မူ၏၊ ထိုမြတ်စွာဘုရားသည် အကျွန်ုပ်တို့အား စီးပွားချမ်းသာခြင်းကို ပေးတော်မူပါဘုရား။

## ပရိနိဗ္ဗာန်စံလွန်တော်မူပြီးသော ဘုရားရှင်များ

**၁၇။ အဗ္ဘတီတာ စ သမ္ဗုဒ္ဓါ၊**
**အနေကသတကောဋိယော။**
**သဗ္ဗလောက’မဘိညာယ၊**
**သဗ္ဗသတ္တာနုကမ္ပိနော။**

(၁၇) ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသော မြတ်စွာဘုရားတို့သည် ကုဋေအရာမက များတော်မူ၏၊ သတ္တဝါတို့အား အစဉ်သနားတော်မူ၏။

**၁၈။ သဗ္ဗဝေရဘယာတီတာ၊**
**သဗ္ဗလောကသုခပ္ပဒါ။**
**သဗ္ဗဒေါသံ ဝိနာသေန္တာ၊**
**သဗ္ဗသောတ္ထိံ ကရောန္တု နော။**

(၁၈) လူနတ်ပြဟ္မာ သတ္တဝါတို့အား စီးပွားချမ်းသာကို ပေး၍ အန္တရာယ် ကင်းစေ၏၊ ထိုမြတ်စွာဘုရားတို့သည် အကျွန်ုပ်တို့အား စီးပွားချမ်းသာကို ပြုပေးတော်မူပါဘုရား။

## ပွင့်တော်မူလတ္တံ့သော အရိမေတ္တေယျမြတ်စွာဘုရား

**၁၉။ အနာဂတေ စ သမ္ဗုဒ္ဓေါ၊**
**မေတ္တေယျော ဒေဝပူဇိတော။**
**မဟိဒ္ဓိကော မဟာဒေဝေါ၊**
**မဟာသန္တိံ ကရောတု နော။**

(၁၉) မေတ္တေယျမြတ်စွာဘုရားသည် နောင်အခါ၌ ပွင့်တော်မူလတ္တံ့၊ ထိုပွင့်တော်မူလာမည့် မြတ်စွာဘုရားသည် အကျွန်ုပ်တို့အား ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

## ပစ္စေကဗုဒ္ဓါအရှင်မြတ်များ

၆၀။ သဗ္ဗေ ပစ္စေကသမ္ဗုဒ္ဓါ၊
နိရောဓဈာနကောဝိဒါ။
နိရာလယာ နိရာသင်္ကာ၊
အပ္ပမေယျာ မဟောသဃော။

(၆၀) ခပ်သိမ်းသော ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည် သမာပတ်ဈာန် ဝင်စားခြင်း၌ လိမ္မာတော်မူကုန်၏၊ တပ်နှစ်သက်ခြင်း တဏှာ၊ ကြောက်ရွံ့ထိတ်လန့်ခြင်း ကင်းတော်မူကုန်၏။

၆၁။ ဒူရေပိ ဝိနေယျေ ဒိသွာ၊
သမ္ပတ္တာ တင်္ခဏေန တေ။
သန္ဒိဋ္ဌိကဖလေ ကတွာ၊
သဒါ သန္တိံ ကရောန္တု နော။

(၆၁) မျက်မှောက်ဘဝ၌ ကောင်းကျိုးချမ်းသာကို ဖြစ်ထွန်းနိုင်သူတို့ ထံ ကြွတော်မူကုန်၏။ ထို ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည် အကျွန်ုပ်တို့အား ချမ်းသာခြင်းကို ပြုပေးတော်မူပါဘုရား။

## တရားတော်၏ ဂုဏ်ကျေးဇူးတော်များ

၆၂။ သွာက္ခာတတာဒိသမ္ပန္နော၊
ဓမ္မော သပရိယတ္တိကော။
သံသာရသာဂရာ လောကေ၊
တာရေတိ ဇိနဂေါစရော။

(၆၂) ဆယ်ပါးသော တရားတော်မြတ်သည် အစ, အလယ်, အဆုံး သုံးပါးလုံး၌ ကောင်းခြင်းနှင့် ပြည့်စုံတော်မူ၏။ မြတ်စွာဘုရားတို့ ကျက်စားရာ အာရုံဖြစ်တော်မူ၏။

၆၃။ ကိလေသဇာလဝိဒ္ဓံသီ၊
ဝိသုဒ္ဓေါ ဗုဒ္ဓသေဝိတော။
နိဗ္ဗာနဂမနော သဒ္ဓမ္မော၊
သဒါ သောတ္ထိံ ကရောတု နော။

(၆၃) မြတ်စွာဘုရားတို့ အမြဲမပြတ် မှီဝဲတော်မူ၍ နိဗ္ဗာန်သို့ ရောက်စေတော်မူ၏၊ ထိုတရားတော်မြတ်တို့သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

## သံဃာတော် အရှင်မြတ်များ

၆၄။ သီလာဒိဂုဏသမ္ပန္နော၊
သံဃော မဂ္ဂဖလေ ဌိတော။
ဇိတိန္ဒြိယော ဇိတပါပေါ၊
ဒက္ခိဏေယျော အနုတ္တရော။

(၆၄) အရိယာသံဃာတော်မြတ်သည် သီလစသောဂုဏ်နှင့် ပြည့်စုံတော်မူ၏၊ မဂ်ဖိုလ်၌ တည်တော်မူ၏၊ မကောင်းမှုကို အောင်မြင်တော်မူ၍ မြတ်သော အလှူကို ခံယူထိုက်၏၊

၆၅။ အနာသဝေါ ပရိသုဒ္ဓေါ၊
နိရာသာသော ဘဝါဘဝေ။
နိဗ္ဗာနဂေါစရော သန္တော၊
သဒါ သောတ္ထိံ ကရောတု နော။

(၆၅) အာသဝေါတရား ရှိတော်မမူ၍ ထက်ဝန်းကျင်မှ စင်ကြယ်တော်မူ၏၊ နိဗ္ဗာန်ကို အာရုံပြုတော်မူ၏၊ ထိုအရိယာ သံဃာတော်မြတ်သည် အကျွန်ုပ်တို့အား ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

## တေဒဂ်ရ ရဟန္တာအရှင်မြတ်များ

၆၆။ အညာတကောဏ္ဍညတ္ထေရော၊
ရတ္တညူနံ အဂ္ဂေါ အဟု။
ဓမ္မစက္ကာဘိသမယော၊
သဒါ သောတ္ထိံ ကရောတု နော။

(၆၆) ကောဏ္ဍညမထေရ်သည် ဓမ္မစကြာဒေသနာ၌ ရှေးဦးစွာ သစ္စာလေးပါးကို သိမြင်၏၊ ထိုမထေရ်သည် အကျွန်ုပ်တို့အား ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

၆၇။ ဝပ္ပတ္ထေရော မဟာပညော၊
မဟာတမဝိနောဒနော။
မဟာသန္တိကရော လောကေ၊
မဟာသန္တိံ ကရောတု နော။

(၆၇) ဝပ္ပမထေရ်သည် ကြီးမြတ်သော ဉာဏ်ပညာရှိတော်မူ၏၊ ထိုမထေရ်သည် အကျွန်ုပ်တို့အား ငြိမ်းအေးခြင်းကို ပြုပေးတော်မူပါဘုရား။

၆၈။ ဘဒ္ဒိယော ဘဒ္ဒသီလော စ၊
ဒက္ခိဏေယျော အနုတ္တရော။
လောကတ္ထစရိတော ထေရော၊
သဒါ သောတ္ထိံ ကရောတု နော။

(၆၈) ဘဒ္ဒိယမထေရ်သည် ကောင်းသော သီလရှိတော်မူ၏၊ ထိုမထေရ်သည် အကျွန်ုပ်တို့အား ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

၆၉။ မဟာနာမော မဟာပညော၊
မဟာဓမ္မဝိဒူ သုတော။
မဟာခီဏာသဝေါ ထေရော၊
မဟာသန္တိံ ကရောတု နော။

(၆၉) မဟာနာမ်မထေရ်သည် ကြီးမြတ်သောပညာရှိ၍ တရားကို သိတော်မူ၏၊ ထိုမထေရ်သည် အကျွန်ုပ်တို့အား ငြိမ်းအေးခြင်းကို ပြုတော်မူပါဘုရား။

၇၀။ အဿဇိတ္ထေရော မဟာပညော၊
ဇိတမာရော ဇိတိန္ဒြိယော။
ဇိတပစ္စတ္ထိကော လောကေ၊
သဒါ သောတ္ထိံ ကရောတု နော။

(၇၀) အဿဇိမထေရ်သည် အောင်အပ်ပြီးသော မာန်ရှိ၍ ဆန့်ကျင်ဘက်ရန်သူတို့၌ အောင်တော်မူ၏၊ ထိုမထေရ်သည် အကျွန်ုပ်တို့အား ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

၇၁။ အနုပုဗ္ဗိကထံ သုတွာ၊
ယသော ကေဂ္ဂမာနသော။
အဂ္ဂဓမ္မ’မနုပ္ပတ္တော၊
သောတ္ထျာ’ရောဂျံ ဒဒါတု နော။

(၇၁) ယသမထေရ်သည် ဒါနနှင့် ပြည့်စုံ၍ တည်ကြည်သော နှလုံးရှိတော်မူ၏၊ ထိုမထေရ်သည် အကျွန်ုပ်တို့အား အနာကင်းခြင်းကို ပြုပေးတော်မူပါဘုရား။

၇၂။ စတ္တာဓိကာ စ ပညာသ၊
ထေရာ ဂိဟိသဟာယကာ။
ပတ္တာန ပရမံ သန္တိံ၊
သဒါ သောတ္ထိံ ကရောန္တု နော။

(၇၂) ငါးကျိပ်လေးပါးကုန်သော ရဟန္တာတို့သည် နိဗ္ဗာန်သို့ ရောက်ကုန်၏၊ ထိုမထေရ်တို့သည် အကျွန်ုပ်တို့အား ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

၇၃။ ယေ တိံသ ဘဒ္ဒဝဂ္ဂိယာ၊
ရူပေနာ’တုလဝဏ္ဏိနော။
ခီဏာသဝါ ဝသီဘူတာ၊
တေ ကရောန္တု အနာမယံ။

(၇၃) သုံးဆယ်အစုရှိကုန်သော ဘဒ္ဒဝဂ္ဂီမထေရ်တို့သည် အာသဝေါကုန်ခန်းတော်မူ၏၊ ထိုမထေရ်တို့သည် အကျွန်ုပ်တို့အား အနာကင်းခြင်းကို ပြုတော်မူပါဘုရား။

၁၄။ ဥရုဝေလကဿပေါပိ၊
မဟာပရိသာန'မုတ္တမော။
ဌပိတော အဂ္ဂဋ္ဌာနမှိ၊
သဒါ သောတ္ထိံ ကရောတု နော။

(၁၄) ဥရုဝေလကဿပမထေရ်သည် များစွာသော ပရိသတ်ရှိသူတို့တွင် မြတ်၏၊ ထိုမထေရ်သည် အကျွန်ုပ်တို့အား ချမ်းသာခြင်းကိုပေးတော်မူပါဘုရား။

၁၅။ ယော နဒီကဿပတ္ထေရော။
ပုညက္ခေတ္တော အနုတ္တရော။
သသံဃော သီလသမ္ပန္နော၊
သဒါ သောတ္ထိံ ကရောတု နော။

(၁၅) နဒီကဿပ မထေရ်သည် တပည့်သံဃာသုံးရာနှင့်တကွ သီလနှင့်ပြည့်စုံ၏၊ ထိုမထေရ်သည် အကျွန်ုပ်တို့အား ချမ်း–သာခြင်းကို ပေးတော်မူပါဘုရား။

၁၆။ ဓမ္မပဇ္ဇလိတော သန္တော၊
ယော ထေရော ဂယာကဿပေါ။
သံယုတ္တော ဘဝနိသ္နေဟော၊
သဒါ သောတ္ထိံ ကရောတု နော။

(၁၆) ဂယာကဿပ မထေရ်သည် ပညာရောင်ဖြင့် တောက်ပတော်မူ၏၊ ထိုမထေရ်သည် အကျွန်ုပ်တို့အား ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

၁၇။ လောကနာထံ ဌပေတွာန၊
ပညဝန္တာန ပါဏိနံ။
ပညာယ သာရိပုတ္တဿ၊
ကလံ နာဂ္ဃတိ သောဠသိံ။

(၁၇) အရှင်သာရိပုတ္တရာမထေရ်၏ ပညာဂုဏ်ကို မြတ်စွာဘုရားမှလွဲ၍ ပညာဉာဏ်ရှိသူတို့တွင် ၂၅၆ပုံ တစ်ပုံ မည်သူမျှ မမီနိုင်။

၇၈။ သာရိပုတ္တော မဟာပညော၊
ပဌမော အဂ္ဂသာဝကော။
ဓမ္မသေနာပတီ သေဋ္ဌော၊
သဒါ သောတ္ထိံ ကရောတု နော။

(၇၈) ထိုမထေရ်မြတ်သည် ကြီးမြတ်သောပညာရှိ၍ တေဒဂ်ရတော်မူ၏၊ ထိုမထေရ်မြတ်သည် အကျွန်ုပ်တို့အား ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

၇၉။ ပါဒင်္ဂုလိကမတ္တေန၊
ဝေဇယန္တပကမ္ပနော။
ပထဝိံ မဟတိံ သမ္ဗုံ၊
သမတ္တော ပရိဝတ္တိတုံ။

(၇၉) အရှင်မောဂ္ဂလာန်သည် ခြေချောင်းငယ်မျှဖြင့်ပင် သိကြားမင်းဗိမာန်ကို သွက်သွက်ခါအောင် တုန်လှုပ်စေနိုင်၏။ မြေတစ်ပြင်လုံးကို မှောက်လှန်ခြင်းငှာ စွမ်းဆောင်တော်မူနိုင်၏။

၈၀။ မောဂ္ဂလ္လာနော မဟာထေရော၊
ဒုတိယော အဂ္ဂသာဝကော။
ဣဒ္ဓိမန္တာနံ သော အဂ္ဂေါ၊
သဒါ သောတ္ထိံ ကရောတု နော။

(၈၀) လက်ဝဲတော်ရံ အဂ္ဂသာဝကကြီးဖြစ်၍တန်ခိုးတော်အရာ၌ တေဒဂ်ရ၏၊ ထိုမထေရ်မြတ်သည် အကျွန်ုပ်တို့အား ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

၈၁။ မဟာကဿပတ္ထေရောပိ၊
ဥတ္တတ္တကနကန္နိဘော။
ဓုတဂုဏဂ္ဂနိက္ခိတ္တော၊
တတိယော သတ္ထုသာဝကော။

(၈၁) အရှင်မဟာကဿပမထေရ်သည် တတိယသာဝကကြီးဖြစ်၍ ဓုတင်ကျင့်ဆောင်ရာ၌ တေဒဂ်ရ၏။

၈၂။ အရညဝါသာဘိရတော၊
ပံသုကူလဓရော မုနိ။
သုဂတဿာသနဓရော၊
သဒါ သောတ္ထိံ ကရောတု နော။

(၈၂) တောကျောင်း၌ မွေ့လျော်တော်မူ၏၊ ပံ့သကူသင်္ကန်းကို ဆောင်တော်မူ၏၊ ထိုမထေရ်သည် အကျွန်ုပ်တို့အား ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

၈၃။ အာပတ္တိ အနာပတ္တိယာ၊
သတေကိစ္ဆာယ ကောဝိဒေါ။
ဝိနယေ အဂ္ဂနိက္ခိတ္တော။
ဥပါလိ သတ္ထုဝဏ္ဏိတော။

(၈၃) အရှင်ဥပါလိ မထေရ်သည် အာပတ်သင့်မသင့်နှင့် ကုစားကောင်း မကောင်း၌ လိမ္မာတော်မူ၏။ ဝိနည်းကို ဆောင်ရာ၌ တေဒဂ်ရ၏၊ မြတ်စွာဘုရား ချီးမွမ်းတော်မူ၏။

၈၄။ ဝိနယေ ပါရမိပ္ပတ္တော၊
ဝိနယဂ္ဂေါစရော မုနိ။
ကရောတု နော မဟာသန္တိံ၊
သောတ္ထျာ'ရောဂျံ ဒဒါတု နော။

(၈၄) ဝိနည်းအရာ၌ အပြီးအဆုံးသို့ ရောက်တော်မူ၏၊ ဝိနည်းကျက်စားရာ အာရုံရှိ၏၊ ထိုမထေရ်သည် အကျွန်ုပ်တို့အား အနာရောဂါ ကင်းခြင်းကို ပေးတော်မူပါဘုရား။

၈၅။ အနုရုဒ္ဓမဟာထေရော၊
ဒိဗ္ဗစက္ခုန'မုတ္တမော။
ဉာတိသေဋ္ဌော ဘဂဝတော၊
သောတ္ထျာ'ရောဂျံ ဒဒါတု နော။

(၈၅) အရှင်အနုရုဒ္ဓါ မထေရ်သည် ဒိဗ္ဗစက္ခုအဘိညာဉ် အရာ၌ တေဒဂ်ရတော်မူ၏၊ ထိုမထေရ်သည် အကျွန်ုပ်တို့အား ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

၈၆။ ဥစ္စာကုလီကာနံ အဂ္ဂေါ၊
ဘဒ္ဒိယော သုသမာဟိတော။
ကာဠိဂေါဓာယ ပုတ္တော စ၊
သဒါ သောတ္ထိံ ကရောတု နော။

(၈၆) ဘဒ္ဒိယမထေရ်သည် အမျိုးမြတ်သောသူတို့တွင် မြတ်တော်မူ၏၊ ထိုမထေရ်သည် အကျွန်ုပ်တို့အား ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

၈၇။ အာနန္ဒော ဗုဒ္ဓုပဋ္ဌာကော၊
သင်္ဂီတိသာဓုသမ္မတော။
ဗဟုဿုတော ဓမ္မဓရော၊
သဒါ သောတ္ထိံ ကရောတု နော။

(၈၇) အရှင်အာနန္ဒာသည် မြတ်စွာဘုရားကို လုပ်ကျွေးခြင်း၌ တေ–ဒဂ်ငါးဖြာ ရ၏၊ ထိုမထေရ် မြတ်သည် အကျွန်ုပ်တို့အား ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

၈၈။ ကိမိလော သိရိသမ္ပန္နော၊
မဟာသုခသမပ္ပိတော။
မဟာခီဏာသဝေါ ဉာတော၊
မဟာသန္တိံ ကရောတု နော။

(၈၈) အရှင်ကိမိလ မထေရ်သည် ကြီးစွာသော ချမ်းသာနှင့် ပြည့်စုံ၏၊ ထိုမထေရ်သည် အကျွန်ုပ်တို့အား ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

၈၉။ ဂရုဝါသံ ဝသိတွာန၊
ပသန္နော ဗုဒ္ဓသာသနေ။
ဘဂု စာ’ရဟတံ ပတ္တော၊
သဒါ သောတ္ထိံ ကရောတု နော။

(၈၉) အရှင်ဘဂု မထေရ်သည် သာသနာတော်၌ အလေးအနက် ကြည်ညိုတော်မူ၏၊ ထိုမထေရ်သည် အကျွန်ုပ်တို့အား ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

၉၀။ ကုလပုတ္တသာဒဇနကော၊
ကာဠုဒါယီ မဟိဒ္ဓိကော။
တေဒဂ္ဂဋ္ဌိတော ထေရော၊
သဒါ သောတ္ထိ ကရောတု နော။

(၉၀) ကာဠုဒါယီ မထေရ်သည် သာကီဝင်မင်းမျိုးတို့ကို ကြည်–ညိုစေခြင်း၌ တေဒဂ်ရ၏၊ ထိုမထေရ်သည် အကျွန်ုပ်တို့အား ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

၉၁။ သေဋ္ဌော ဓမ္မကထိကာနံ၊
တိဏ္ဏံ ဝေဒါန ပါရဂူ။
ပုဏ္ဏော မန္တာဏိယာ ပုတ္တော၊
ထေရော သောတ္ထိ ကရောတု နော။

(၉၁) အရှင်ပုဏ္ဏ မထေရ်သည် ဓမ္မကထိက တရားဟောခြင်း၌ တေဒဂ်ရ၏၊ ထိုမထေရ်သည် အကျွန်ုပ်တို့အား ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

၉၂။ ဘာရဒွါဇော မဟာထေရော၊
သီဟနာဒါန’မုတ္တမော။
ဌပိတော အဂ္ဂဋ္ဌာနမှိ၊
သဒါ သောတ္ထိ ကရောတု နော။

(၉၂) အရှင်ဘာရဒွါဇ မထေရ်သည် ရဲတင်းသောစကားကို ဆိုရာ၌ တေဒဂ်ရ၏၊ ထိုမထေရ်သည် အကျွန်ုပ်တို့အား ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

၉၃။ သံခိတ္တဘာသိတ’မတ္ထံ၊
ဝိတ္ထာရေန ဝိဇာနကော။
ကစ္စာနော ဘဝနိဿဋော၊
ထေရော သောတ္ထိ ကရောတု နော။

(၉၃) အရှင်ကစ္စည်း မထေရ်သည် ဒေသနာအကျဉ်းကို အကျယ်ဟောရာ၌ တေဒဂ်ရ၏၊ ထိုမထေရ်သည် အကျွန်ုပ်တို့အား ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

၉၄။ လကုဏ္ဍဘဒ္ဒိယော ထေရော၊
မဉ္ဇုဿရာန' မုတ္တမော။
ဌပိတော အဂ္ဂဋ္ဌာနမှိ၊
သဒါ သောတ္ထိံ ကရောတု နော။

(၉၄) အရှင်လကုဏ္ဍဘဒ္ဒိယမထေရ်သည် အသံသာယာခြင်းတွင် တေဒဂ်ရ၏၊ ထိုမထေရ်သည် အကျွန်ုပ်တို့အား ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

၉၅။ အရဏဝိဟာရီနံ အဂ္ဂေါ၊
ဒက္ခိဏေယျော အနုတ္တရော။
သုဘူတိ ဘူတဒမနော၊
ထေရော သောတ္ထိံ ကရောတု နော။

(၉၅) အရှင်သုဘူတိ မထေရ်သည် အပြစ်မရှိသောနေခြင်း၊ အလှူခံထိုက်ခြင်း၌ တေဒဂ်ရ၏၊ ထိုမထေရ်သည် အကျွန်ုပ်တို့အား ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

၉၆။ အရညဝါသီနံ အဂ္ဂေါ၊
ရေဝတော ခဒိရဝနိယော။
ဝိဝေကာဘိရတော ထေရော၊
သဒါ သောတ္ထိံ ကရောတု နော။

(၉၆) အရှင်ခဒိရရေဝတမထေရ်သည် တောရကျောင်း ဆောက်တည်ခြင်း၌ တေဒဂ်ရ၏၊ ထိုမထေရ်သည် အကျွန်ုပ်တို့အား ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

၉၇။ ဈာယီနံ ဥတ္တမော ထေရော၊
ကင်္ခါရေဝတနာမကော။
သမာဓိဈာနကုသလော၊
သဒါ သောတ္ထိံ ကရောတု နော။

(၉၇) အရှင်ကင်္ခါရေဝတမထေရ်သည် ဈာန်ဝင်စားခြင်းအရာ၌ တေဒဂ်ရ၏၊ ထိုမထေရ်သည် အကျွန်ုပ်တို့အား ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

၉၈။ <u>သောဏော</u> စ ကောဋိဝီသောပိ၊
အာရဒ္ဓဝီရိယာန’မုတ္တမော။
ပဟိတတ္တော သဒါ ထေရော၊
သောတ္ထိံ ဖာသုံ ကရောတု နော။

(၉၈) အရှင်သောဏကောဋိဝိသ မထေရ်သည် လုံ့လဝီရိယကြီးခြင်း၌ တေဒဂ်ရ၏၊ ထိုမထေရ်သည် အကျွန်ုပ်တို့အား ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

၉၉။ ကလျာဏဝါက္ကရဏာနံ၊
<u>သောဏော ကုဋိကဏ္ဏောပိ</u> စ။
အဂ္ဂေါတိ ဝဏ္ဏိတော ထေရော၊
သောတ္ထိံ ဖာသုံ ကရောတု နော။

(၉၉) အရှင်သောဏကုဋိကဏ္ဏ မထေရ်သည် အပြောအဟော ကောင်းခြင်း၌ တေဒဂ်ရ၏၊ ထိုမထေရ်သည် အကျွန်ုပ်တို့ အား ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

၁၀၀။ လာဘီန’မုတ္တမော ထေရော၊
<u>သီဝလိ</u> ဣတိ ဝိဿုတော။
သောရတော ပစ္စယာဒီမှိ၊
သဒါ သောတ္ထိံ ကရောတု နော။

(၁၀၀)အရှင်သီဝလိ မထေရ်သည် လာဘ်ပေါ်များခြင်းတွင် တေ–ဒဂ်ရ၏၊ ထိုမထေရ်သည် အကျွန်ုပ်တို့အား ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

၁၀၁။ သဒ္ဓါဓိမုတ္တာနံ အဂ္ဂေါ၊
<u>ဝက္ကလိ</u> ဣတိ နာမကော။
ပါမောဇ္ဇဗဟုလော ထေရော၊
သဒါ သောတ္ထိံ ကရောတု နော။

(၁၀၁)အရှင်ဝက္ကလိမထေရ်သည် သဒ္ဓါတရား လွန်ကဲခြင်း၌ တေဒဂ်ရ၏၊ ထိုမထေရ်သည် အကျွန်ုပ်တို့အား ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

၁၀၂။ ရာဟုလော ဗုဒ္ဓပုတ္တောပိ၊
သိက္ခာကာမာန'မုတ္တမော။
ဒါယာဒေါ သဗ္ဗဓမ္မေသု၊
မဟာသန္တိံ ကရောတု နော။

(၁၀၂)အရှင်ရာဟုလာမထေရ်သည် သိက္ခာသုံးပါးကို ကျင့်ဆောင်ရာ၌ ဧတဒဂ်ရ၏၊ ထိုမထေရ်သည် အကျွန်ုပ်တို့အား ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

၁၀၃။ သဒ္ဓါယ ပဗ္ဗဇိတွာန၊
ရဋ္ဌပါလော ပရက္ကမီ။
ဧတဒဂ္ဂေ ဌိတောယေဝ၊
သဒါ သောတ္ထိံ ကရောတု နော။

(၁၀၃)အရှင်ရဋ္ဌပါလ မထေရ်သည် သဒ္ဓါ၍ ရဟန်းပြုခြင်းအရာ၌ ဧတဒဂ်ရ၏၊ ထိုမထေရ်သည် အကျွန်ုပ်တို့အား ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

၁၀၄။ ကုဏ္ဍဓာနော မဟာထေရော၊
သလာကံ ပဌမံ ဂတော။
ဌပိတောယေဝ ဌာနမှိ၊
သဒါ သောတ္ထိံ ကရောတု နော။

(၁၀၄)အရှင်ကုဏ္ဍဓာနမထေရ်သည် စာရေးတံမဲ ပထမယူခြင်း၌ ဧတဒဂ်ရ၏၊ ထိုမထေရ်သည် အကျွန်ုပ်တို့အား ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

၁၀၅။ ပဋိဘာနဝန္တာနမှိ၊
အဂ္ဂေါတိ ဗုဒ္ဓဝဏ္ဏိတော။
ဝင်္ဂီသော အရဟာ သေဋ္ဌော၊
သဒါ သောတ္ထိံ ကရောတု နော။

(၁၀၅)အရှင်ဝင်္ဂီသ မထေရ်သည် ဉာဏ်ပဋိဘာန် ဖွဲ့ဆိုသီကုံးမှု၌ ဧတဒဂ်ရ၏၊ ထိုမထေရ်သည် အကျွန်ုပ်တို့အား ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

၁၀၆။ သမန္တပါသာဒိကာနံ၊
အဂ္ဂဋ္ဌာနမှိ ဌပိတော။
ဥပသေနော ဝင်္ဂန္တပုတ္တော၊
သဒါ သောတ္ထိံ ကရောတု နော။

(၁၀၆)အရှင်ဥပသေနမထေရ်သည် ကြည်ညိုဖွယ်ရာဖြစ်ခြင်း၌ တေဒဂ်ရ၏၊ ထိုမထေရ်သည် အကျွန်ုပ်တို့အား ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

၁၀၇။ ဒဗ္ဗော မလ္လပုတ္တော ထေရော၊
သေနာသနပညာပကော။
ဌပိတော အဂ္ဂဋ္ဌာနမှိ၊
သဒါ သောတ္ထိံ ကရောတု နော။

(၁၀၇)အရှင်ဒဗ္ဗမထေရ်သည် သံဃာတော်များအတွက် နေရာချထားခြင်း၌ တေဒဂ်ရ၏၊ ထိုမထေရ်သည် အကျွန်ုပ်တို့အား ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

၁၀၈။ ပိလိန္ဒဝစ္ဆသမဏော၊
ဒေဝတာနံ ပိယော အဟု။
ဌပိတော အဂ္ဂဋ္ဌာနမှိ၊
သောတ္ထျာ'ရောဂျံ ဒဒါတု နော။

(၁၀၈)အရှင်ပိလိန္ဒဝစ္ဆမထေရ်သည် နတ်တို့ချစ်မြတ်နိုးခြင်းအရာ၌ တေဒဂ်ရ၏၊ ထိုမထေရ်သည် အကျွန်ုပ်တို့အား ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

၁၀၉။ ဗာဟိယော ဒါရုစီရိယော၊
ခိပ္ပါဘိညာန'မုတ္တမော။
ကရောတု နော မဟာသန္တိံ၊
အာရောဂျဉ္စ ဇယံ သဒါ။

(၁၀၉)အရှင်ဒါရုစီရိယမထေရ်သည် လျင်မြန်စွာထိုးထွင်း၍ သိခြင်း၌ တေဒဂ်ရ၏၊ ထိုမထေရ်သည် အကျွန်ုပ်တို့အား ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

၁၁၀။ ကုမာရကဿပတ္ထေရော၊
စိတ္တကထိန'မုတ္တမော။
မိစ္ဆာဝိတက္ကုပစ္ဆေဒေါ၊
သဒါ သောတ္ထိံ ကရောတု နော။

(၁၁၀)အရှင်ကုမာရကဿပမထေရ်သည် ဆန်းကြယ်စွာ တရားဟောခြင်း၌ တောဒဂ်ရ၏၊ ထိုမထေရ်သည် အကျွန်ုပ်တို့အား ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

၁၁၁။ ပဋိသမ္ဘိဒါပတ္တာနံ၊
အဂ္ဂဋ္ဌာနမှိ ဌပိတော။
ကောဋ္ဌိတော အရဟာ သေဋ္ဌော၊
သဒါ သောတ္ထိံ ကရောတု နော။

(၁၁၁)အရှင်ကောဋ္ဌိတမထေရ်သည် ပဋိသမ္ဘိဒါလေးပါး ရခြင်း၌ တောဒဂ်ရ၏၊ ထိုမထေရ်သည် အကျွန်ုပ်တို့အား ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

၁၁၂။ အပ္ပါဗာဓေ မဟာထေရော၊
အပ္ပါဗာဓာန'မုတ္တမော။
ဗာကုလော အရဟာဈာတော၊
သဒါ သောတ္ထိံ ကရောတု နော။

(၁၁၂)အရှင်ဗာကုလ မထေရ်သည် အနာရောဂါကင်းခြင်းအရာ၌ တောဒဂ်ရ၏၊ ထိုမထေရ်သည် အကျွန်ုပ်တို့အား ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

၁၁၃။ ပုဗ္ဗေနိဝါသဝေဒီနံ၊
အဂ္ဂေါတိ ဗုဒ္ဓဝဏ္ဏိတော။
သောဘိတော နာမ သော ထေရော၊
သဒါ သောတ္ထိံ ကရောတု နော။

(၁၁၃)အရှင်သောဘိတမထေရ်သည် ပုဗ္ဗေနိဝါသအဘိညာဉ်အရာ၌ တောဒဂ်ရ၏၊ ထိုမထေရ်သည် အကျွန်ုပ်တို့အား ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

၁၁၄။ မဟာကပ္ပိနတ္ထေရောပိ၊
ဘိက္ခုဩဝါဒကော အဟု။
ကုသလော ဩဝါဒဒါနေ၊
သဒါ သောတ္ထိံ ကရောတု နော။

(၁၁၄)အရှင်မဟာကပ္ပိနမထေရ်သည် ရဟန်းများအား ဆုံးမခြင်း၌ တောဒဂ်ရ၏၊ ထိုမထေရ်သည် အကျွန်ုပ်တို့အား ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

၁၁၅။ ဘိက္ခုနောဝါဒကာန’ဂ္ဂေါ၊
နန္ဒကော ဣတိ ဝိဿုတော။
ပါလေတု နော သဒါ ထေရော၊
သောတ္ထိံ ဖာသုံ ကရောတု နော။

(၁၁၅)အရှင်နန္ဒက မထေရ်သည် ဘိက္ခုနီမတို့အား ဆုံးမခြင်း၌ တောဒဂ်ရ၏၊ ထိုမထေရ်သည် အကျွန်ုပ်တို့အား ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

၁၁၆။ ဣန္ဒြိယေသု ဂုတ္တဒွါရော၊
အဂ္ဂဋ္ဌာနေ ဌိတော အဟု။
နန္ဒတ္ထေရော ဝသိပ္ပတ္တော၊
သဒါ သောတ္ထိံ ကရောတု နော။

(၁၁၆)အရှင်နန္ဒမထေရ်သည် ဣန္ဒြေ စောင့်စည်းခြင်း၌ တောဒဂ်ရ၏၊ ထိုမထေရ်သည် အကျွန်ုပ်တို့အား ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

၁၁၇။ တေဇောဓာတုကုသလာနံ၊
အဂ္ဂဋ္ဌာနမှိ ဌပိတော။
သာဂတော နာမ သော ထေရော၊
သောတ္ထိံ ဖာသုံ ကရောတု နော။

(၁၁၇)အရှင်သာဂတ မထေရ်သည် တေဇောဓာတ်သမာပတ်ဝင်စားခြင်း၌ တောဒဂ်ရ၏၊ ထိုမထေရ်သည် အကျွန်ုပ်တို့အား ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

၁၁၈။ သညာဝိဝဋ္ဋကုသလော၊
ပဓာနော ဘာဝနာရတော။
ဗုဒ္ဓသိဿော မဟာပန္ထော၊
မဟာသန္တိံ ကရောတု နော။

(၁၁၈)အရှင်မဟာပန် မထေရ်သည် သညာဝိဝဋ္ဋအရာ၌ တေဒဂ်ရ၏၊ ထိုမထေရ်သည် အကျွန်ုပ်တို့အား ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

၁၁၉။ စူဠပန္ထကတ္ထေရောပိ၊
မနောမယာဘိနိမ္မိတော။
ဌပိတော အဂ္ဂဋ္ဌာနမှိ၊
သဒါ သောတ္ထိံ ကရောတု နော။

(၁၁၉)အရှင်စူဠပန် မထေရ်သည် မနောမယအဘိညာဉ်ဖန်ဆင်းခြင်း၌ တေဒဂ်ရ၏၊ ထိုမထေရ်သည် အကျွန်ုပ်တို့အား ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

၁၂၀။ ပဋိဘာနေယျကာနံ တု၊
အဂ္ဂဋ္ဌာနမှိ ဌပိတော။
ရာဓော ထေရော မဟာသောတ္ထိံ၊
ကရောတု နော အနာမယံ။

(၁၂၀)အရှင်ရာဓမထေရ်သည် ဘုရားရှင်အား ဒေသနာဉာဏ်အဆင့်ဆင့် ပွားစေခြင်း၌ တေဒဂ်ရ၏၊ ထိုမထေရ်သည် အကျွန်ုပ်တို့အား ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

၁၂၁။ လူခစီဝရဓရာနံ၊
ဘိက္ခူနံ ဥတ္တမော အဟု။
မောဃရာဇ မဟာထေရော၊
မဟာသန္တိံ ကရောတု နော။

(၁၂၁)အရှင်မောဃရာဇမထေရ်သည် ခေါင်းပါးသော သင်္ကန်းကို ဆောင်ခြင်း၌ တေဒဂ်ရ၏၊ ထိုမထေရ်သည် အကျွန်ုပ်တို့အား ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

## မဟာသာဝက ရဟန္တာအရှင်မြတ်ကြီးများ

၁၂၂။ ဝိမလော ဝိမလပ္ပညော၊
သုရူပေါ သုသမာဟိတော။
ရဇော န လိမ္ပတိ ခန္ဓေ၊
မဟာသန္တိံ ကရောတု နော။

(၁၂၂)အရှင်ဝိမလ မထေရ်သည် အလွန် တည်ကြည်သော သမာဓိ ရှိတော်မူ၏၊ ထို မထေရ်သည် အကျွန်ုပ်တို့ အား ချမ်းသာခြင်းကို ပြု တော်မူပါဘုရား။

၁၂၃။ ဓမ္မပါလော မဟာပါလော၊
မဟာဓမ္မဓရော ယတိ။
မဟာခီဏာသဝေါ လောကေ၊
မဟာသန္တိံ ကရောတု နော။

(၁၂၃)အရှင်ဓမ္မပါလ မထေရ်သည် မြတ်သောတရားကို ဆောင် တော်မူ၏၊ ထိုမထေရ်သည် အကျွန်ုပ်တို့အား ချမ်းသာ ခြင်းကို ပြုတော်မူပါဘုရား။

၁၂၄။ စက္ခုပါလော မဟာထေရော၊
ပဓာနော သီလသံဝုတော။
ပဟိတတ္တော မဟာကာယော၊
မဟာသန္တိံ ကရောတု နော။

(၁၂၄)အရှင်စက္ခုပါလမထေရ်သည် ကမ္မဋ္ဌာန်းတရားကို အားထုတ် တော်မူ၏၊ ထိုမထေရ်သည် အကျွန်ုပ်တို့အား ချမ်းသာခြင်း ကို ပြုတော်မူပါဘုရား။

၁၂၅။ သဗ္ဗဝေရဘယာတီတော၊
နာရဒေါ အာသဝက္ခယော။
မဟာသန္တိကရော လောကေ။
သဒါ သောတ္ထိံ ကရောတု နော။

(၁၂၅)အရှင်နာရဒ မထေရ်သည် ဘေးရန်ခပ်သိမ်းကို ကင်းငြိမ်းစေ၏၊ ထိုမထေရ်သည် အကျွန်ုပ်တို့အား ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

၁၂၆။ ဗုဒ္ဓပူဇာယ နိရတော၊
ဖိနဘတ္တိပရာယဏော။
သဒ္ဓမ္မသဝနော ထေရော၊
သဒါ သောတ္ထိံ ကရောတု နော။

(၁၂၆)အရှင်သဒ္ဓမ္မသဝန’မထေရ်သည် ဘုရားကိုပူဇော်ခြင်း၌ အမြဲမွေ့လျော်၏၊ ထိုမထေရ်သည် အကျွန်ုပ်တို့အား ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

၁၂၇။ ပဋ္ဌိမဘာဝသမ္ပတ္တော၊
ဂေါတမော ဘာဝနာရတော။
ရာဂက္ခယ’မနုပ္ပတ္တော၊
သဒါ သောတ္ထိံ ကရောတု နော။

(၁၂၇)အရှင်ဂေါတမ မထေရ်သည် သမထဘာဝနာ၌ မွေ့လျော်တော်မူ၏၊ ထိုမထေရ်သည် အကျွန်ုပ်တို့အား ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

၁၂၈။ သေနာသနေသု သပ္ပါယံ၊
လဒ္ဓါ ဈာနံ သမာရဘိ။
ဂေါမိကော ဗုဒ္ဓဈာယန္တော၊
သဒါ သောတ္ထိံ ကရောတု နော။

၁၀။ အထက်အရပ်၌ရှိသော ထက်ဝန်းကျင် အနန္တစကြဝဠာ အနန္တနတ်ဗြဟ္မာတို့–

(က) ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။

(ခ) ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။

(ဂ) ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။

(ဃ) နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

-------------

# အမျှဝေ

ဤသို့ပြုရ၊ မြတ်ပုညကို၊ ကြီးထမြင့်ခေါင်၊ မြင်းမိုရ်တောင်ဦး၊ မကကျူးသား၊ ကျေးဇူးအရှင်၊ မွေးမိခင်နှင့်၊ ဖခင်တို့အား၊ ရငြားပါစေ၊ အမျှဝေ၏။

မသွေနိစ္စ၊ ဤကာယကို၊ စောင့်ထပေတတ်၊ ကိုယ်စောင့်နတ်လည်း၊ မလပ်စေရ၊ ပေးဝေရ၏။

မိတ္တဆွေညာ၊ ဆရာသမား၊ ဘိုးဘွားကစ၊ ယမရာဇာ၊ ဒေဝါယက္ခ၊ က္လန္ဒဘုမ္မာ၊ အာကာသနတ်၊ အထူးမှတ်၍၊ အမြတ်ပုည၊ ကုသလကို၊ ရကြပါစေ၊ အမျှဝေ၏။

သဗ္ဗေသတ္တာ၊ သတ္တဝါဟု၊ နာနာလောက၊ အနန္တတွင်၊ မပြတ်စဉ်ကာ၊ သတ္တာဝါသ၊ ဘုံကိုးဝနှင့်၊ ဝိညာဏဋ္ဌိတိ၊ တည်ရှိခုနစ်ပါး၊ များစွာလုံးစုံ၊ ဘုံသုံးဆယ့်တစ်၊ ဖြစ်ဖြစ်သမျှ၊ ဝေနေယျအား၊ အမျှကုသိုလ်၊ ပေးဝေလို၏။

ထိုကုသလ၊ ဤပုညကို၊ အမျှရကြသည်ဖြစ်စေသော်။
ဝသုန္ဒရေ၊ ဤမြေပံသု၊ သိလာထုလည်း၊ သက်သေအမှု တည်စေသော်။

**ကုသိုလ်**– အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့။
သာဓု သာဓု သာဓု

**ကုသိုလ်**– အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့။
သာဓု သာဓု သာဓု

**ကုသိုလ်**– အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့။
သာဓု သာဓု သာဓု

---------

# နတ်ပို့အမွှန်း

(က) တ္တောဝတာ စ အမှေဟိ၊

သမ္ဘတံ ပုညသမ္ပဒံ။

သဗ္ဗေ ဒေဝါ ’နုမောဒန္တု၊

သဗ္ဗသမ္ပတ္တိ သီဒ္ဓိယာ။

(က) တ္တောဝတာ၊ သဒ္ဓါ စေတနာ ဝေဖြာသန့်ရှင်း ညစ်ကြေးကင်း၍ ထိန်လင်းကျက်သရေ ယုန်စက်ငွေသို့ လက်ဝေစေကြောင်းဖြစ်သော ဤသုတ်ပါဠိတော် ပရိတ်တရားတော်တို့ကို ရွတ်ဖတ်သရဇ္ဈာယ်၍ မြတ်စွာဘုရားကို ပူဇော်ခြင်းဖြင့်။ အမှေဟိ၊ အကျွန်ုပ်တို့သည်။ သဗ္ဗသမ္ပတ္တိသီဒ္ဓိယာ၊ အလုံးစုံကုန်သော စည်းစိမ်ချမ်းသာ မင်္ဂလာကျက်သရေတို့နှင့် ပြည့်စုံစေခြင်းငှာ။ သမ္ဘတံ၊ ကောင်းစွာမပြတ် ဆည်းပူးအပ်သော။ ပုညသမ္ပဒံ၊ ဖြူစင်သန့်ရှင်း ကုသိုလ်ကောင်းမှုတို့၏ ပြည့်စုံခြင်းကို။ သဗ္ဗေ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော။ ဒေဝါ၊ စကြဝဠာ အဖြာဖြာမှ ကြွလာသောင်းသောင်း နတ်ပြဟ္မာအပေါင်းတို့သည်။ အနုမောဒန္တု၊ ဝမ်းမြောက်နမော် သာဓုခေါ်နိုင်ကြပါစေကုန်သတည်း။

(ခ) ဒါနံ ဒဒန္တု သဒ္ဓါယ၊

သီလံ ရက္ခန္တု သဗ္ဗဒါ။

ဘာဝနာဘိရတာ ဟောန္တု၊

ဂစ္ဆန္တု ဒေဝတာ’ဂတာ။

(ခ) ဒါနံ၊ ပေးကမ်းစွန့်ကြဲ နည်းများမဟူ အလှူဒါနကို။ သဒ္ဓါယ၊ ကံ, ကံ၏အကျိုးကို ယုံကြည်လျက်။ ဒဒန္တု၊ ဘဝ, ဘောဂ တောင့်တမရှိ ပကတိဖြူစင် ပေးလှူနိုင်ကြပါစေကုန်သတည်း။ သဗ္ဗဒါ၊ နေ့ရောညဥ့်ပါ ဘယ်ခါမဆို။ သီလံ၊ စာရိတ္တ ဝါရိတ္တ မြတ်သီလကို။ ရက္ခန္တု၊ မကျိုးမပေါက် စောင့်ရှောက် ထိန်းသိမ်း

နိုင်ကြပါစေကုန်သတည်း။ ဘာဝနာဘိရတာ၊ သမထ ဝိပဿနာ ဘာဝနာ၌ ကောင်းစွာကြိုးပမ်းလျက် စီးဖြန်းမွေ့လျော်ကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ အာဂတာ၊ စကြဝဠာ ကမ္ဘာလောကဓာတ် အရပ်ရပ်မှ ဆိုက်ကပ်ညီညာ ရောက်လာကြကုန်သော။ ဒေဝါ၊ နတ်ပြဟ္မာအပေါင်းတို့သည်။ ဂစ္ဆန္တု၊ သာဓုအနုမောဒနာ ဝမ်းမြောက်စွာလျှင် နှုတ်လျှာသံညီး ပြုပြီးလေဘိ မိမိတို့၏ နေရာ ပျော်ဖွယ်ရာရိပ်ခန်း ဘုံဗိမာန်နန်းသို့ ကြွမြန်းတော်မူကြပါစေကုန်သစတည်း။

# ဥပ္ပါတသန္တိသုတ်တော် ရွတ်ဖတ်ရန် အစီအစဉ်
## (ပထမနေ့)

၁။ အဖွင့်နေ့နှင့် အပိတ်နေ့တွင် အနည်းဆုံး သံဃာတော်(၁၀)ပါးဖြင့် ရွတ်ဖတ်ရန်၊

၂။ အဖွင့်နေ့တွင် ပင့်သံဃာတော် (၁၀)ပါးအား နံနက် ၅–နာရီတွင် အရုဏ်ဆွမ်း ဆက်ကပ်ရန်၊

၃။ ထိုအချိန်တွင် ဘုရားရှင်အား ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီး၊ အမွှေးတိုင်တို့ဖြင့် စနစ်တကျကပ်လှူရန်(နေ့စဉ်လုပ်ရန်)၊

၄။ ထို့နောက် ကန်တော့ပွဲများကို နတ်များအား ပေးအပ်ရန်၊

၅။ နံနက် ၅–နာရီ ၃၀–မိနစ်အချိန်တွင် ရွတ်ဖတ်ခြင်း စတင်ရန်

(က) အနေကဇာတင်ရန်၊

(ခ) စိန်ရောင်ခြည်ဘုရားပင့်ရန်၊

(ဂ) နတ်ဖိတ်ရန်၊

(ဃ) ဥပ္ပါတသန္တိ (ပါဠိ စ–ဆုံး)သံဃာတော်များ ပထမတစ်ကြိမ်ရွတ်ရန်၊ (ရွတ်ပြီး ပြန်ကြွနိုင်သည်။)

(င) ဆက်လက်၍ အမျိုးသား၊ အမျိုးသမီးဝတ်အဖွဲ့များက (ကျန် ၉–ခေါက်ကို) ဆက်လက်ရွတ်ရန်၊

(စ) အားလုံး ၁၀–ခေါက်ပြည့်ပြီးနောက် ပဋ္ဌာန်းပစ္စယနိဒ္ဒေသရွတ်ရန်၊ (တစ်ခေါက်)

(ဆ) ထို့နောက် အရပ် ၁၀–မျက်နှာ မေတ္တာပို့ရန်၊

(ဇ) အမျှဝေရန်။

**မှတ်ချက်**။ (၁) ရဟန်းတော်များကိုယ်တိုင် အစမှ အဆုံးအထိ ရွတ်ဆိုနိုင်ပါက ပို၍ ကောင်းပါသည်။ ဒါယကာ၊ ဒါယိကာမများက လာရောက် နာယူကြရန် ဖြစ်ပါသည်။

(၂) ၁၃၆၅–ခုနှစ်၊ တော်သလင်းလဆန်း ၁–ရက်(၂၇–၈–၂၀၀၃) နေ့မှစ၍ တော်သလင်းလဆန်း ၉–ရက် (၄–၉–၂၀၀၃) နေ့အထိ ၉–ရက်တိုင်တိုင်၊ တစ်နေ့လျှင် (၁၀)ကြိမ်ရွတ်၍ (၉)ရက် ပြည့်သောအခါ အကြိမ်(၉၀) ရွတ်ပွားခဲ့ပါသည်။ ၁၀–ရက် မြောက် တော်သလင်းလဆန်း(၁၀)ရက် (၅–၉–၂၀၀၃)နေ့တွင် ပိတ်သိမ်းပွဲကိုပါ သီးသန့်ကျင်းပခဲ့ပါသည်။ ကျန်လများတွင်လည်း မြန်မာလဆန်း(၁)ရက်နေ့မှ (၁၀)ရက်နေ့အထိ ဤအစီအစဉ် အတိုင်း ရွတ်ရန် ဖော်ပြချက် နမူနာအစီအစဉ် ဖြစ်ပါသည်။

**ပထမနေ့ပြီး၏။**

=============

# ရွှတ်ဖတ်ရန် အစီအစဉ်
## (ဒုတိယနေ့မှ နဝမနေ့အထိ နေ့စဉ်)

၁။ ဘုရားဆွမ်းတော်ကပ်ရန်၊

၂။ နံနက် ၅–နာရီ ၃၀–မိနစ်တွင် စတင်ရွှတ်ရန်၊

(က) ဘုရားပင့်ရန်၊

(ခ) နတ်ဖိတ်ရန်၊

(ဂ) ဥပ္ပါတသန္တိပါဠိ အလှည့်ကျ (၁၀)ခေါက်ရွှတ်ရန်၊

(ဃ) ပဋ္ဌာန်းပစ္စယနိဒ္ဒေသရွှတ်ရန်၊ (တစ်ခေါက်)

(င) အရပ် ၁၀–မျက်နှာ မေတ္တာပို့ရန်၊

(စ) အမျှဝေရန်။

၃။ ဥပ္ပါတသန္တိပါဠိကို အမျိုးသား၊ အမျိုးသမီးများ မည်သူမဆို ပါဝင်ရွှတ်ဆိုရ၍ တစ်ဖွဲ့လျှင် (၁)ခေါက်(၂)ခေါက် ခွဲဝေရွှတ်ဆိုရန်၊

၄။ ဝတ်တစ်ဖွဲ့လျှင် အနည်းဆုံး (၁၀)ယောက်မှ အထက် ဖြစ်သင့်သည်။ များလေ ကောင်းလေဖြစ်၏။

**ဒုတိယနေ့မှ နဝမနေ့အထိ ပြီး၏။**

----------

# ရွတ်ဖတ်ရန် အစီအစဉ်
## (ဒသမရက် ပိတ်သိမ်းပွဲအစီအစဉ်)

၁။ ဖွင့်ပွဲကဲ့သို့ သံဃာတော်(၁၀)ပါးပင့်၍ ဆောင်ရွက်ရန်၊

၂။ ဆွမ်းတော်ကပ်ရန်၊ အရုဏ်ဆွမ်းကပ်ရန်၊

၃။ နတ်များအား ကန်တော့ပွဲပေးအပ်ခြင်းပြုရန်၊

၄။ နံနက် ၅–နာရီ ၃၀–မိနစ် စတင်ရွတ်ဆိုရန်၊

၅။ အနေကဇာတင်၊ ဘုရားပင့်၊ နတ်ဖိတ်၊ ဉပ္ပါတသန္တိသုတ် ပါဠိ၊ ပဋ္ဌာန်း ပစ္စယနိဒ္ဒေသပါဠိ၊ မေတ္တာပို့ အမျှဝေရန်၊
(အားလုံး တစ်ကြိမ်သာ)

၆။ ပြီးလျှင် နတ်များကို ပြန်ပို့ရန်၊
(ယခင် ၉–ရက်နေ့များ၌ နတ်များကို ပြန်မပို့ရ၊ နောက်ဆုံးရက်မှသာ ပြန်ပို့ရန်။)

၇။ ရဟန်းတော်များ ရွတ်ဆိုမည်ဆိုပါက မေတ္တာပို့ အမျှဝေကို ပါဠိဘာသာဖြင့် ရွတ်ဆိုနိုင်ပါသည်။

**ဒသမရက် ပိတ်သိမ်းပွဲနေ့ ပြီး၏။**

# ဥပ္ပါတသန္တိ ပရိတ်တော်ကို
# မြန်မာ့ရိုးရာ လောကီအစီအရင်တော်ကြီးဖြင့်
# ရွတ်ပွားပူဇော်ခြင်း

## မြန်မာ့ရိုးရာ အစဉ်အလာ

ထေရဝါဒဗုဒ္ဓသာသနာဝင် ပိဋကတ်ကျမ်းစာများ၌ ပါဝင်သည့် နှစ်ကိုပ်ရှစ်ဆူ ဗုဒ္ဓဘုရားရှင်အပေါင်း၊ အဂ္ဂသာဝက၊ မဟာသာဝက ရဟန္တာအရှင်မြတ်အပေါင်း၊ ပုဂ္ဂိုလ်မြတ်အပေါင်း၊ နတ်ပြဟ္မာအပေါင်းတို့၏ ဂုဏ်တော်ကျေးဇူးတော်များကို ဖော်ညွှန်းပူဇော်ထားသည့် ဥပ္ပါတသန္တိပရိတ်တော်ကို ပုဂ္ဂိုလ်တစ်ဦးကဖြစ်စေ၊ ဝတ်အဖွဲ့လိုက် သံပြိုင်ဖြစ်စေ ရွတ်ပွားပူဇော်နိုင်ကြပါသည်။ ထိုသို့ ရွတ်ပွား ပူဇော်ကြသဖြင့် အခြားသော ပရိတ်ပဌာန်း၊ ရွတ်ပွားပူဇော်မှုများနည်းတူ ပရိတ်ရွတ်သူ ကျင့်သုံးရမည့် အင်္ဂါသုံးရပ်နှင့်အညီ ရွတ်ပွားပူဇော်ကြလျှင် ကျရောက်ဆဲ ကျရောက်လတ္တံ့ ဘေးဥပဒ်အတန်တန် ရန်အသွယ်သွယ် ကင်း ပျောက်၍ ချမ်းသာသုခ အမှန်ရောက်ကြလိမ့်မည်ဟုလည်း ယုံကြည်ကြပါသည်။

မြို့ပြများတွင် လမ်းအလိုက်၊ ရပ်ကွက်အလိုက်၊ ကျေးရွာအုပ်စုများ၌ ကျေးရွာအလိုက်နှင့် မြို့နယ်၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက်မှသည် နိုင်ငံနှင့် အဝန်းထိ အရပ်ဒေသအသီးသီး ကျယ်ပြန့်စွာ သက်ဆိုင်စေလျက် ဥပ္ပါတသန္တိ ပရိတ်တော်ကို ရွတ်ပွားပူဇော်ကြရသည့်အခါမျိုးတွင် အရပ်ဒေသ တစ်ဝန်း တစ်လျား ခြုံမိငုံမိစေရန်အတွက် ရှေးရှေးအစဉ်အလာ အစီအရင်ကောင်းများနှင့် အညီ အများပြည်သူတို့၏ အလိုဆန္ဒနှင့်လည်း ကိုက်ညီအောင် စီစဉ်ဆောင်ရွက် ကြရပါသည်။

တကောင်းအဘိရာဇာခေတ်မှ အစပြု၍ ဗိသုနိုး၊ သရေခေတ္တရာ၊ ပုဂံ၊ မြင်စိုင်း၊ စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင် ခေတ်တစ်လျှောက် မြန်မာမင်းများလက်ထက်က အစဉ်အဆက် ဆောင်ရွက်ခဲ့ကြသော ရှေးရှေး အစဉ်အလာ နက္ခတ်ဗေဒင်ပညာ ယတြာ အခါပေးစသည့် လောကီမင်္ဂလာ အစီအရင်များအနက် ဂြိုဟ်စီးဂြိုဟ်နင်းအရ နေ့နံကိုက် ဒေသအရပ်ရွေးချယ်နည်း များလည်း ပါဝင်ကြ၏။ ထိုသို့ ဒေသ နေရာ အခါကာလ အစီအရင်တို့အပြင် လူတို့မျက်စိဖြင့် မြင်တွေ့ခြင်းငှာ မစွမ်းနိုင်သည့် ကျရောက်လာမည့်ဘေးကို ကမ္ဘဇိဒ္ဓိတန်ခိုးဖြင့် မြင်စွမ်းနိုင်သော သိကြားမင်းနှင့် အရပ်လေးမျက်နှာစောင့် နတ်မင်းကြီး ၄–ပါး စသည်တို့၏ အထောက်အပံ့ အကူအညီ အစီအရင်တို့ကို လည်း ထည့်သွင်းကြရပါသည်။

ဤသို့ ရှေးရိုးစဉ်လာ အစီအရင်များ စီမံ၍ ဥပ္ပါတသန္တိပရိတ်တော်ကို ရွတ်ပွားပူဇော်ကြရသည့် အခြေအနေ အချိန်အခါမျိုးနှင့် ကြုံရသည့်အခါ စနစ်တကျ ကြိုတင်စီမံနိုင်ရန် အစီအရင်အချို့ကို ဖော်ပြအပ်ပါသည်။

## အရပ်ဒေသနှင့် နေ့နံရွေးနည်း

အဆောက်အအုံ ပန္နက်တင်ရာတွင်ဖြစ်စေ၊ အုတ်မြစ်တော်စီသွင်းရာတွင် ဖြစ်စေ သက်ရှိလူ၏ နေ့နံကိုက်ဖြင့် ဆောင်ရွက်ရသော်လည်း ဥပ္ပါတသန္တိပရိတ် တော် ရွတ်ပွားပူဇော်ရန်အတွက် နေ့နံရွေးချယ်ရာ၌ လူပုဂ္ဂိုလ် ပဓာနမဟုတ်သဖြင့် မြို့ရွာအရပ်ဒေသ၏ နေ့နံကို ရွေးချယ်ရပါသည်။ သက်ရှိလူ၏ အမည်မှည့်ရာ၌ မွေးနေ့ကို အမည်၏ရှေ့ဆုံး အက္ခရာအလိုက် နေ့နံကိုက်ယူရပါသည်။ သက်မဲ့ ပစ္စည်း၏ နေ့နံကိုက် ယူရာ၌ နာမည်၏ နောက်ဆုံးအက္ခရာကို ယူရသည် ဖြစ်ရာ မြို့ရွာ ရပ်ကွက်၏ နောက်ဆုံးအက္ခရာကို ယူ၍ နေ့နံကိုက်ရပါသည်။ (ဥပမာ) နေပြည်တော်ဆိုလျှင် (တော်)၊ ရန်ကုန်ဆိုလျှင် (ကုန်)၊ မန္တလေးဆိုလျှင် (လေး) တို့သည် ကောက်ယူရမည့် နေ့နံဖြစ်ပါသည်။

နေ့နံကိုက်ယူပုံဇယားကို အထက်ဘက်၌ အရှေ့အရပ်ထားဗဟိုပြု ဖော်ပြသည့် အရပ်ရှစ်မျက်နှာ၊ ဂြိုဟ်ခွင်ဇယားဖြင့် မြို့ရွာအရပ်ဒေသ၏ နေ့နံသင့်ရာအရပ်ကို လွယ်ကူစွာ ကောက်ယူကြည့်နိုင်ပါသည်။

## အရပ်ရှစ်မျက်နှာ အကွရာနေ့နံသင့် ဂြိုဟ်ခွင်ဇယား

| | | |
|---|---|---|
| **အရှေ့မြောက်အရပ်**<br>**(တနင်္ဂနွေနံ–၁)**<br>**အ–အစ သြ–အဆုံး သရများ** | **အရှေ့အရပ်**<br>**(တနင်္လာနံ–၂)**<br>**က၊ ခ၊ ဂ၊ ဃ၊ င** | **အရှေ့တောင်အရပ်**<br>**(အင်္ဂါနံ–၃)**<br>**စ၊ ဆ၊ ဇ၊ ဈ၊ ည** |
| **မြောက်အရပ်**<br>**(သောကြာနံ–၆)**<br>**သ၊ ဟ** | | **တောင်အရပ်**<br>**(ဗုဒ္ဓဟူးနံ–၄)**<br>**ယ၊ လ၊ ဝ** |
| **အနောက်မြောက်အရပ်**<br>**(ရာဟုနံ–၈)**<br>**ရ၊ ဠ** | **အနောက်အရပ်**<br>**(ကြာသပတေးနံ–၅)**<br>**ပ၊ ဖ၊ ဗ၊ ဘ၊ မ** | **အနောက်တောင်အရပ်**<br>**(စနေနံ–၇)**<br>**တ၊ ထ၊ ဒ၊ ဓ၊ န**<br>**ဋ၊ ဌ၊ ဍ၊ ဎ၊ ဏ** |

ဥပမာ– နေပြည်တော်သည် စနေနံကျ၍ နေပြည်တော်၏ မူလနေရာသည် ဂြိုဟ်ခွင်အရ (စနေထောင့်) **အနောက်တောင်**အရပ်ဖြစ်သည်။ ရန်ကုန်သည် တနင်္လာနံကျ၍ ရန်ကုန်၏ မူလနေရာသည် ဂြိုဟ်ခွင်အရ (တနင်္လာထောင့်) **အရှေ့**အရပ်ဖြစ်သည်။ မန္တလေးသည် ဗုဒ္ဓဟူးနံကျ၍ မန္တလေး၏ မူလနေရာသည် ဂြိုဟ်ခွင်အရ (ဗုဒ္ဓဟူးထောင့်) **တောင်**အရပ်ဖြစ်သည်။

## အစီအရင်တော်အရပ်ရွေးနည်း

ဂြိုဟ်ခွင်အရပ်ဒေသ (၈)ဌာနရှိသည်နှင့်အညီ အစီအရင်တော်အရပ်လည်း (၈)ဌာန ရှိပါသည်။ အစီအရင်အရပ်များကို အစဉ်ကျော်ခြင်း၊ အစဉ်ပျက်ခြင်း မပြုရဘဲ အစဉ်အတိုင်း မှတ်သားရမည်ဖြစ်ပြီး အစီအရင် တစ်ခုစီ၏ အကျိုးပြုဂုဏ်ရည်ကိုလည်း သိရှိနားလည်နေရမည် ဖြစ်ပါသည်။

၁။ ပရိဝါရအရပ် – အခြွေအရံ ပေါများခြင်း၊
၂။ အာယုအရပ် – အနာမဲ့၍ အသက်ရှည်ခြင်း၊
၃။ နဂရအရပ် – မြို့ပြ,ပြည်ရွာ ရရှိခြင်း၊ အသစ်တည်ခြင်း၊
၄။ ဘုမ္မိအရပ် – အညစ်အကြေးသန့်ရှင်းခြင်း၊
၅။ ဂဟပတိအရပ် – ရတနာရွှေငွေကြွယ်ဝခြင်း၊
၆။ တေဇအရပ် – ဘုန်းတန်ခိုး လက်ရုံး ပညာကြီးမြတ်ခြင်း၊
၇။ ဌာနအရပ် – အရပ်ဒေသ ရာထူးနေရာတည်မြဲခြင်း၊
၈။ သီရိအရပ် – ကျက်သရေမင်္ဂလာ တိုးပွားခြင်း။

အစီအရင်တော် အရပ်(၈)ဌာနတို့အနက် အာယု, တေဇ, သီရိအရပ်ဌာန (၃)ခုတို့သည် နိုင်ငံတစ်ဝန်းလုံးနှင့်တကွ အများပြည်သူတစ်ရပ်လုံးနှင့် သက်ဆိုင်သဖြင့် ဥပ္ပါတသန္တိပရိတ်တော် ရွတ်ပွားရာ၌ ထိုသုံးဌာနလုံး၌ တစ်ပြိုင်တည်း ရွတ်ပွားခြင်းအစီအရင်ကို ဆောင်ရွက်ကြရပါသည်။ ထိုသုံးဌာနအနက် တေဇအရပ်သည် ဘုန်းတန်ခိုးလက်ရုံးနှင့် ပညာကြီးမြတ်ခြင်းကို ဦးမူထားသဖြင့် ဦးစားပေး ရွတ်ပွားသင့်သော အရပ်ဖြစ်ပါသည်။ ထို့ပြင် ကျရောက်သည့် ဘေးအန္တရာယ်ကို မူတည်ကာ ထိုသုံးဌာနအနက် ဌာနတစ်ခုခုကို ဦးစားပေးအရပ်အဖြစ် သတ်မှတ်၍လည်း ရွတ်ပွားနိုင်ပါသည်။

အစီအရင်တော် အရပ်ရွေးနည်းမှာ ဂြိုဟ်ခွင်ဇယားအရ မိမိရွေးချယ်လိုသော မြို့ရွာ၏ မူလနေ့နံသင့်အရပ်တွင် အစီအရင်တော် အမှတ်စဉ်(၁) **ပရိဝါရ**အရပ် ထား၍ ဂြိုဟ်ခွင်အရပ်စုံ လက်ယာရစ် တစ်ပတ်လည်အောင် တစ်ကွက်ချင်း လှည့်လိုက်ပါက **အာယု, တေဇ, သီရိ** နေ့နံသင့် အရပ်(၃)ဌာန ထွက်ပေါ်

လာပါသည်။ ထိုအရပ်များသည် ထိုမြို့ရွာ၏ တန်ခိုးကြီးဘုရားတွင် ဥပ္ပါတသန္တိ ပရိတ်တော် ရွတ်ပွားရန်အတွက် နေ့နံသင့် သတ်မှတ်ရမည့် အစီအရင်တော်အရပ် (၃)ဌာနဖြစ်ပါသည်။

## တနင်္ဂနွေနံပါ မြို့ရွာများအတွက် သုံးဌာနတည်ရာ ဇယား

| | | |
|---|---|---|
| **အစ** ⇨ **ပရိဝါရ** ၁ | ✪ **အာယု** ၂ | ၃ **နဂရ** |
| **သီရိ** ၆ ✪ | | ၄ **ဘုမ္မိ** |
| ၈ **ဌာန** | ၅ **တေဇ** ✪ | ၀ **ဂဟပတိ** |

တနင်္ဂနွေ၏ မူလအရပ်ဖြစ်သော အရှေ့မြောက်ထောင့်မှ စ၍ ပရိဝါရ–အာယု စသည် လက်ယာရစ်လှည့်၍ ရေတွက်ပါက အောက်ပါတိုင်း သုံးဌာန ရရှိပါမည်–

| | | |
|---|---|---|
| အရှေ့အရပ်တွင် | အာယု – | တစ်ဌာန |
| အနောက်အရပ်တွင် | တေဇ – | တစ်ဌာန |
| မြောက်အရပ်တွင် | သီရိ – | တစ်ဌာန |

တနင်္ဂနွေနံပါသော နမူနာပြမြို့ရွာအချို့မှာ ဒိုက်ဦး၊ ညောင်ဦး၊ ချောင်းဦး စသည်တို့ ဖြစ်ပါသည်။

## တနင်္လာနံပါ မြို့ရွာများအတွက် သုံးဌာနတည်ရာ ဇယား

| | | |
|---|---|---|
| ✪ သီရိ ၁ | အစ ⇨ ပရိဝါရ ၂ | ✪ အာယု ၃ |
| ဌာန ၆ | | ၄ နဂရ |
| ၈ တေဇ ✪ | ၅ ဂဟပတိ | ၀ ဘုမ္မိ |

တနင်္လာ၏ မူလအရပ်ဖြစ်သော အရှေ့အရပ်မှ စ၍ ပရိဝါရ– အာယုစသည် လက်ယာရစ်လှည့်၍ ရေတွက်ပါက အောက်ပါတိုင်း သုံးဌာန ရရှိပါမည်–

အရှေ့တောင်ထောင့် အရပ်တွင် အာယု – တစ်ဌာန
အနောက်မြောက်ထောင့် အရပ်တွင် တေဇ – တစ်ဌာန
အရှေ့မြောက်ထောင့် အရပ်တွင် သီရိ – တစ်ဌာန

တနင်္လာနံပါသော နမူနာပြမြို့ရွာအချို့မှာ ရန်ကုန်၊ ထောက်ကြန့်၊ သုံးခွ၊ တောင်ငူ၊ ကွတ်ခိုင်၊ နမ့်ခမ်း၊ လွိုင်ကော်စသည်တို့ ဖြစ်ပါသည်။

## အင်္ဂါနံပါ မြို့ရွာများအတွက် သုံးဌာနတည်ရာ ဇယား

| | | |
|---|---|---|
| ဌာန ၁ | ✪ သီရိ ၂ | ၃ ပရိဝါရ မွစ ⇩ |
| တေဇ ၆ ✪ | | ၄ အာယု ✪ |
| ၈ ဂဟပတိ | ၅ ဘုမ္မိ | ၀ နဂရ |

အင်္ဂါ၏ မူလအရပ်ဖြစ်သော အရှေ့တောင်ထောင့်အရပ်မှ စ၍ ပရိဝါရ–အာယုစသည် လက်ယာရစ်လှည့်၍ ရေတွက်ပါက အောက်ပါတိုင်း သုံးဌာန ရရှိပါမည်–

| | | | |
|---|---|---|---|
| တောင်အရပ်တွင် | အာယု | – | တစ်ဌာန |
| မြောက်အရပ်တွင် | တေဇ | – | တစ်ဌာန |
| အရှေ့အရပ်တွင် | သီရိ | – | တစ်ဌာန |

အင်္ဂါနံပါသော နမူနာပြမြို့ရွာအချို့မှာ အင်းစိန်၊ မူဆယ်၊ သာစည်၊ ရွှေညောင် စသည်တို့ ဖြစ်ပါသည်။

## ဗုဒ္ဓဟူးနံပါ မြို့ရွာများအတွက် သုံးဌာနတည်ရာ ဇယား

| | | |
|---|---|---|
| ✪ တေဇ ၁ | ဌာန ၂ | ၃ ✪ သီရိ |
| ဂဟပတိ ၆ | | ၄ ပရိဝါရ ဗွေ ⇩ |
| ၈ ဘုမ္မိ | ၅ နဂရ | ၀ ✪ အာယု |

ဗုဒ္ဓဟူး၏ မူလအရပ်ဖြစ်သော တောင်အရပ်မှ စ၍ ပရိဝါရ–အာယုစသည် လက်ယာရစ်လှည့်၍ ရေတွက်ပါက အောက်ပါတိုင်း သုံးဌာန ရရှိပါမည်–

| | | | |
|---|---|---|---|
| အနောက်တောင်ထောင့်တွင် | အာယု | – | တစ်ဌာန |
| အရှေ့မြောက်ထောင့်တွင် | တေဇ | – | တစ်ဌာန |
| အရှေ့တောင်ထောင့်တွင် | သီရိ | – | တစ်ဌာန |

ဗုဒ္ဓဟူးနံပါသော နမူနာပြမြို့ရွာအချို့မှာ မန္တလေး၊ ကွမ်းလုံ၊ ကျိုက်လတ်၊ နတ်တလင်း၊ မင်းလှ စသည်တို့ ဖြစ်ပါသည်။

## ကြာသပတေးနံပါ မြို့ရွာများအတွက် သုံးဌာနတည်ရာ ဇယား

| | | |
|---|---|---|
| ဘုမ္မိ ၁ | ဂဟပတိ ၂ | ✪ တေဇ ၃ |
| နဂရ ၆ | | ၄ ဈာန |
| ✪ အာယု ၈ | ၅ ပရိဝါရ ⇦ အစ | ၀ ✪ သီရိ |

ကြာသပတေး၏ မူလအရပ်ဖြစ်သော အနောက်အရပ်မှ စ၍ ပရိဝါရ–အာယုစသည် လက်ယာရစ်လှည့်၍ ရေတွက်ပါက အောက်ပါတိုင်း သုံးဌာန ရရှိပါမည်–

| | | | |
|---|---|---|---|
| အနောက်မြောက်ထောင့်တွင် | အာယု | – | တစ်ဌာန |
| အရှေ့တောင်ထောင့်တွင် | တေဇ | – | တစ်ဌာန |
| အနောက်တောင်ထောင့်တွင် | သီရိ | – | တစ်ဌာန |

ကြာသပတေးနံပါသော နမူနာပြမြို့ရွာအချို့မှာ ကျုံပျော်၊ အုတ်ဖို၊ အောင်ပန်း စသည်တို့ ဖြစ်ပါသည်။

## သောကြာနံပါ မြို့ရွာများအတွက် သုံးဌာနတည်ရာ ဇယား

| | | |
|---|---|---|
| ✪ အာယု ၁ | နဂရ ၂ | ၃ ဘုမ္မိ |
| ⇧ မြောက် ပရိဝါရ ၆ | | ၄ ဂဟပတိ |
| ၈ ✪ သီရိ | ၅ ဌာန | ၀ ✪ တေဇ |

သောကြာ၏ မူလအရပ်ဖြစ်သော မြောက်အရပ်မှ စ၍ ပရိဝါရ–အာယု စသည် လက်ယာရစ်လှည့်၍ ရေတွက်ပါက အောက်ပါတိုင်း သုံးဌာန ရရှိပါမည်–

| | | | |
|---|---|---|---|
| အရှေ့မြောက်ထောင့်တွင် | အာယု | – | တစ်ဌာန |
| အနောက်တောင်ထောင့်တွင် | တေဇ | – | တစ်ဌာန |
| အနောက်မြောက်ထောင့်တွင် | သီရိ | – | တစ်ဌာန |

သောကြာနံပါသော နမူနာပြမြို့ရွာအချို့မှာ ကော့သောင်း၊ တောင်သာ စသည်တို့ ဖြစ်ပါသည်။

## စနေနံပါ မြို့ရွာများအတွက် သုံးဌာနတည်ရာ ဇယား

| | | |
|---|---|---|
| ဂဟပတိ ၁ | ✪ တေဇ ၂ | ၃ ဌာန |
| ဘုမ္မိ ၆ | | ၄ သီရိ ✪ |
| ၈ နဂရ | ၅ ✪ အာယု | ၀ ပရိဝါရ ⇦ အစ |

စနေ၏ မူလအရပ်ဖြစ်သော အနောက်တောင်ထောင့်အရပ်မှ စ၍ ပရိဝါရ–အာယုစသည် လက်ယာရစ်လှည့်၍ ရေတွက်ပါက အောက်ပါတိုင်း သုံးဌာန ရရှိပါမည်–

| | | | |
|---|---|---|---|
| အနောက်အရပ်တွင် | အာယု | – | တစ်ဌာန |
| အရှေ့အရပ်တွင် | တေဇ | – | တစ်ဌာန |
| တောင်အရပ်တွင် | သီရိ | – | တစ်ဌာန |

စနေနံပါသော နမူနာပြမြို့ရွာအချို့မှာ နေပြည်တော်၊ တွံတေး၊ သာယာဝတီ၊ ပန်းတနော် စသည်တို့ ဖြစ်ပါသည်။

# ရာဟုနံပါ မြို့ရွာများအတွက် သုံးဌာနတည်ရာ ဇယား

| | | |
|---|---|---|
| နဂရ ၁ | ဘုမ္မိ ၂ | ၃ ဂဟပတိ |
| ✪ အာယု ၆ | | ၄ ✪ တေဇ |
| ⇧ ဦ ၈ ပရိဝါရ | ၇ ✪ သီရိ | ၀ ဌာန |

ရာဟု၏ မူလအရပ်ဖြစ်သော အနောက်မြောက်ထောင့်အရပ်မှ စ၍ ပရိဝါရ-အာယုစသည် လက်ယာရစ်လှည့်၍ ရေတွက်ပါက အောက်ပါတိုင်း သုံးဌာန ရရှိပါမည်-

| | | | |
|---|---|---|---|
| မြောက်အရပ်တွင် | အာယု | - | တစ်ဌာန |
| တောင်အရပ်တွင် | တေဇ | - | တစ်ဌာန |
| အနောက်အရပ်တွင် | သီရိ | - | တစ်ဌာန |

ရာဟုနံပါသော နမူနာပြမြို့ရွာအချို့မှာ လားရှိုး၊ သရက်၊ ညောင်ရွှေ၊ ရေး၊ သံဖြူဇရပ် စသည်တို့ ဖြစ်ပါသည်။

## အစီအရင် နေရာယူပုံ ထူးခြားချက်

နေရာယူပုံနှင့် ပတ်သက်၍ နေ့နံအလိုက် တွက်ချက်ပြီး (၃)ဌာနယူရခြင်း၏ ပညာအနှစ်သာရ ပြည့်ဝပုံမှာ မှတ်သားစရာကောင်းလှပါသည်။

**အာယုအရပ်**သည်– အသက်ရှည်စေခြင်းနှင့် အနာရောဂါကင်းရှင်းစေခြင်း အကျိုးကို ရနိုင်သော သတ္တိထူးရှိရာ အရပ်ဖြစ်သည်။

**တေဇအရပ်**သည်– ဘုန်းတန်ခိုးကြီးစေခြင်း၊ အစွမ်းသတ္တိထက်မြက်ခြင်း အကျိုးကို ရနိုင်သော သတ္တိထူးရှိရာ အရပ်ဖြစ်သည်။

**သီရိအရပ်**သည်– ကျက်သရေ မင်္ဂလာရှိစေခြင်း၊ ကိုယ်စိတ်နှစ်ပါးကို ကြည်လင်စေခြင်းအကျိုးများကို ရရှိစေနိုင်သော သတ္တိထူးရှိရာ အရပ်ဖြစ်သည်။

အထက်ပါ ထူးခြားချက်များရှိသော **(အာယုအရပ်)**၊ **(တေဇအရပ်)**၊ **(သီရိအရပ်)** သုံးဌာနတို့သည် ရင်ပေါင်တန်းလည်းမနေ၊ ရှေ့နောက်နေခြင်းလည်း မဟုတ်ဘဲ ဖိုခုံလောက်သုံးပွင့်ဆိုင် ဖြစ်နေခြင်းသည်လည်း ထူးခြားချက်တစ်ရပ်ပင်ဖြစ်သည်။

မြန်မာ့ဗေဒင်လောက၊ ဆေးလောကနှင့် ဂန္ဓာရီအတတ်ပညာလောကတွင် ဖိုခုံလောက်သုံးပွင့်ဆိုင် သဘောသည် အောင်မြင်စေခြင်း၊ ထက်မြက်စေခြင်းကို ရရှိစေနိုင်သည်ဟု ယူဆကြသည်။ အစွမ်းထက်စေလိုသော ဆေးဝါးသိဒ္ဓိ အစီအရင်များ ပြုလုပ်လျှင် နဂါး–ဂဠုန်–ခြင်္သေ့ဟူ၍ ဖိုခုံလောက်သုံးခုဆိုင်၍ ဆေးချက်ရသည့် အစီအရင်နှင့်လည်း တူညီပါသည်။

သာမန် ဘုရားမီးပူဇော်လို၍ ဆီမီးသုံးတိုင် ထွန်းညှိလျှင် တန်းစီ၍ ထွန်းညှိပူဇော်ကြသော်လည်း ဆေးဝါးအစီအရင်ကြောင့် ပူဇော်ရလျှင် ဖယောင်းတိုင်သုံးတိုင်ကို ဖိုခုံလောက်သုံးပွင့်ဆိုင်ထွန်း၍ စီရင်ရမြဲ ဖြစ်သည်။

ထို့ကြောင့် ဤဖိုခုံလောက်သုံးပွင့်ဆိုင် သဘောသည် အစွမ်းထက်မြက်၍ သတ္တိထူးပေါ်ပေါက်စေသော အကျိုးကို ဖြစ်စေမည်ဟု ယူဆရပါသည်။

## အခမ်းအနား တည်ခင်းစီရင်ပုံ

မြို့ရွာနေနံအလိုက် ရွေးချယ်ထားသော (၃)ဌာန ရသောအခါ ၎င်း(၃)ဌာန များတွင် တစ်ဌာနလျှင် ဦးစွာ မြေညီညွတ်အောင် ညှိ၍ သန့်ပြန့်စေရသည်။ ထို့နောက် အလယ်ဗဟိုတွင် **မဏ္ဍပ်ကြီး**တစ်ခုနှင့် မဏ္ဍပ်ကြီး၏ အပြင်ဘက် လေးမျက်နှာတွင်–

အရှေ့အရပ်၌ **မဏ္ဍပ်ငယ်**တစ်ခု၊

တောင်အရပ်၌ **မဏ္ဍပ်ငယ်**တစ်ခု၊

အနောက်အရပ်၌ **မဏ္ဍပ်ငယ်**တစ်ခု၊

မြောက်အရပ်၌ **မဏ္ဍပ်ငယ်**တစ်ခု ဟူ၍ မဏ္ဍပ်ကြီးကို မဏ္ဍပ်ငယ်လေးခု ခြံရံလျက် ထိုးထားရမည်။

မဏ္ဍပ်များ စနစ်တကျ တည်ဆောက်ပြီးပါက အလယ်ဗဟိုမဏ္ဍပ်ကြီး၏ ခေါင်းရင်းဘက်တွင် တင့်တယ် သပ္ပါယ်ကြည်ညိုဖွယ်ရာ ဗုဒ္ဓရုပ်ပွားဆင်းတုတော် တစ်ဆူကို ပင့်ဆောင်ထားပြီး ဘုရား၏ လက်ယာဘက်တူရူတွင် သိကြားမင်း လက်အုပ်ချီနေပုံရုပ်တုကို ထားရမည်။

အရံမဏ္ဍပ်ငယ် ၄–ခုတွင်လည်း–

၁။ **အရှေ့အရပ်** မဏ္ဍပ်ငယ်တွင် – **ဓတရဋ္ဌ** ဂန္ဓဗ္ဗနတ်မင်းကြီးရုပ်တု၊

၂။ **တောင်အရပ်** မဏ္ဍပ်ငယ်တွင် – **ဝိရူဠှက** နတ်ဂဠုန်မင်းကြီးရုပ်တု၊

၃။ **အနောက်အရပ်** မဏ္ဍပ်ငယ်တွင် – **ဝိရူပက္ခ** နတ်နဂါးမင်းကြီးရုပ်တု၊

၄။ **မြောက်အရပ်** မဏ္ဍပ်ငယ်တွင် – **ကုဝေရ** နတ်ဘီလူးမင်းကြီးရုပ်တုတို့ကို မြတ်စွာဘုရားအား လက်အုပ်ချီ ရှိခိုးနေပုံတို့ဖြင့် စီစဉ်ထားရမည်။

# မဏ္ဍပ်တည်နေပုံနှင့်  ရုပ်ပွားရုပ်တုများ
# နေရာချထားပုံ ဇယား



ဗုဒ္ဓရုပ်ပွားတော်ရှေ့တွင်လည်းကောင်း၊ သိကြားမင်း လက်အုပ်ချီနေသော ရုပ်တုရှေ့တွင်လည်းကောင်း၊ နတ်မင်းကြီးလေးပါး လက်အုပ်ချီနေသော ရုပ်တု လေးခုရှေ့တွင်လည်းကောင်း ပန်း၊ ဆီမီး၊ သစ်သီး၊ ရေချမ်း၊ ဖယောင်းတိုင်၊ အမွှေးတိုင်များ ထွန်းညှိပူဇော်ထားရမည်။

ငှက်ပျော (၃)ဖီး၊ ကြွက်မြီးလှလှအုန်းသီး (၁)လုံးနှင့် ကွမ်း လက်ဖက်စုံ၊ သပြေပန်းနှင့် အမွှေးနံ့သာများ ပက်ဖျန်းထားသော ကန်တော့ပွဲတစ်ပွဲစီပါ ပြင်ဆင် ကန်တော့ထားရမည်။

ထိုသို့ ဌာနတစ်ခုလျှင် မဏ္ဍပ်ကြီး (၁)ခု၊ မဏ္ဍပ်ငယ် (၄)ခု၊ ဗုဒ္ဓရုပ်ပွားတော် တစ်ဆူ၊ သိကြားမင်း (၁)ပါး ရုပ်တုနှင့် နတ်မင်းကြီး (၄)ပါး ရုပ်တုတို့ ရှိနေရ မည်ဖြစ်ရာ အလားတူ ကျန်ဌာနနှစ်ခုတွင်လည်း မဏ္ဍပ်ကြီး၊ မဏ္ဍပ်ငယ်နှင့် ရုပ်တုတော်များ တစ်ပုံစံတည်း ရှိနေကြရမည်ဖြစ်သည်။

ဥပ္ပါတသန္တိပရိတ်တော် ရွတ်ဖတ်မည့် သံဃာတော်အရှင်မြတ်များ၊ ဥပါ– သကာ ဥပါသိကာမ အဖွဲ့သုံးဖွဲ့ကလည်း မိမိတို့တာဝန်ကျရာ မဏ္ဍပ်များအတွင်း သတ်မှတ်ထားသော နေရာများတွင် အဆင်သင့်ရှိနေစေရန် ကြိုတင် တာဝန်ချ ထားရမည်။

ရွတ်ဖတ်ရန် စတင်ရမည့် သတ်မှတ်ထားသောနေ့တွင် နံနက်အရုဏ် တက်သည်နှင့် တစ်ပြိုင်နက် သုံးဌာနစလုံး အချိန်နာရီကိုက် တစ်ပြိုင်တည်း ဘုရားပင့်ခြင်း၊ နတ်ဖိတ်ခြင်း၊ ငါးပါးသီလခံယူခြင်းစသော ပြုမြဲဝတ္တရားများ ပြည့်စုံစေပြီးသည်နှင့် တစ်ပြိုင်နက် ဥပ္ပါတသန္တိပါဠိတော်နှင့် မြန်မာပြန်ကို ဆက်လက်ရွတ်ပွား ပူဇော်ကြရမည်ဖြစ်ပါသည်။

ရွတ်ဆိုရမည့်အခေါက်ရေ၊ အကြိမ်ရေကို ရှေးကျမ်းများတွင် မည်ရွေ့ မည်မျှဟု အတိအကျ ဖော်ပြထားခြင်း မရှိပါ။ နန်းတော်တွင်း မင်းမိဖုရားကအစ တစ်နိုင်ငံလုံး သုံးဌာနရွေးချယ်၍ မဏ္ဍပ်များထိုးပြီး ခမ်းနားစွာ ရွတ်ဆိုကြသည် ဟု ဖော်ပြထားရာ တစ်နေ့တာ တစ်နာရီစာ ရွတ်ဖတ်ခြင်းမဖြစ်နိုင်ဘဲ ရက်ရှည် လများ ရွတ်ဖတ်ကြသည်ဟူသော အဓိပ္ပာယ်ဖြစ်ပါသည်။

သို့ဖြစ်ရခြင်းကြောင့် ရွတ်ဖတ်ပုံ ရွတ်ဖတ်နည်းကို အတိအကျမသိရသော်လည်း အကောင်းဆုံးနည်းတစ်ခုကို စီစဉ်ရမည်ဆိုလျှင် အောက်ပါအတိုင်း ရွတ်ဖတ်လျှင် သင့်တော်မည်ဖြစ်ပါသည်။

နံနက် အရုဏ်တက်ကစ၍ ကိုးဦးတစ်ဖွဲ့က ပါဠိတော်နှင့် မြန်မာပြန်ကို တစ်ခေါက်ရွတ်ပြီးပါက ဒုတိယကိုးဦးအဖွဲ့က ပါဠိတော်နှင့် မြန်မာပြန်ကို တစ်ခေါက်ရွတ်စေပြီး တတိယကိုးဦးအဖွဲ့က ပါဠိတော်နှင့် မြန်မာပြန် တစ်ခေါက်ရွတ်လျှင် သင့်မြတ်ပါသည်။ နောက် ပထမ၊ ဒုတိယ တစ်လှည့်စီပြန်ဝင်၍ ရွတ်ပါက အဖွဲ့သုံးဆိုင်း သုံးကြိမ်ဝင်လျှင် ကိုးခေါက်ရွတ်ဖတ်သရဇ္ဈာယ်ပြီး ဖြစ်ပါသည်။

ထိုနည်းအတိုင်း နံနက် ကိုးခေါက်ရွတ်ခြင်း အစီအစဉ်ကို (ကိုးနဝင်းကိုက်) ကိုးရက် ရွတ်ဖတ်မည်ဆိုပါက အကောင်းဆုံးဖြစ်ပါလိမ့်မည်။

## ဆရာတော်ကြီးအချို့သြဝါဒ

မိမိတို့ မြို့ရွာတွင် အထက်ပါအစီအစဉ်အတိုင်း စီစဉ်ရန်အတွက် အခက်အခဲရှိပါက ပညာဗဟုသုတပြည့်စုံသော ဆရာတော်ကြီးများက မိမိတို့ မြို့ရွာ တန်ခိုးကြီးဘုရားပရိဝုဏ်အတွင်း အာရုံခံတန်ဆောင်းတို့၌ နေရာခင်းကျင်းစီမံ၍ ရွတ်ပွားနိုင်ကြောင်း သြဝါဒပြု မိန့်ကြားကြပါသည်။

ထိုအစီအစဉ်အရ မြို့ဦး၊ ရွာဦးထိပ်ရှိ ဘုရားပရိဝုဏ်အတွင်းမှာသော်လည်းကောင်း၊ ဓမ္မာရုံအတွင်းမှာသော်လည်းကောင်း၊ သင့်လျော်ရာ၌ မဏ္ဍပ်အသစ်ထိုးပြီးသော်လည်းကောင်း အစီအရင်နေ့နံကျအရပ်ရှိ နေရာတစ်ခု ရွေးချယ်သတ်မှတ်ရပါသည်။

ခေါင်းရင်းဘက်တွင် အလယ်ဗဟို၌ ဗုဒ္ဓရုပ်ပွားတော်ထား၍ လက်ယာဘက်က သိကြားမင်းရုပ်တု၊ လက်ဝဲဘက်က နတ်မင်းကြီးလေးပါး ရုပ်တုများကို ဘုရားရုပ်ပွားတော်အား လက်အုပ်ချီဟန် မျက်နှာမူ တန်းစီထားပြီးသော် ကန်တော့ပွဲတစ်ပွဲစီ ခြောက်ပွဲပြင်ဆင်၍ တင့်တယ်ဖွယ်ရာသော ပန်း၊ ဆီမီး၊ သစ်သီး၊ ရေချမ်းတို့ဖြင့် ပူဇော်ကာ ရွတ်ဆိုနိုင်ကြောင်း သိရှိရပါသည်။

# သိကြားမင်းနှင့် နတ်မင်းကြီးလေးပါး



သိကြားမင်း



ဓတရဋ္ဌနတ်မင်း

(အရှေ့အရပ်)



**ဝိရူဠှကနတ်မင်း**

(တောင်အရပ်)





**ဝိရူပက္ခနတ်မင်း**

(အနောက်အရပ်)



**ကုဝေရ နတ်မင်း**

(မြောက်အရပ်)

# မြို့ရွာနေ့နံအလိုက် ရွှတ်ပွားရန် သုံးဌာန နေရာဇယား

| နေ့နံ | မြို့ရွာ | အရပ်မျက်နှာ | ဌာန |
|---|---|---|---|
| ၁။ **တနင်္ဂနွေနံ** | ဘားအံ | အရှေ့ | အာယု–တစ်ဌာန |
| | ညောင်ဦး | အနောက် | တေဇ–တစ်ဌာန |
| | မြန်အောင် | မြောက် | သီရိ – တစ်ဌာန |
| ၂။ **တနင်္လာနံ** | ရန်ကုန် | အရှေ့တောင် | အာယု–တစ်ဌာန |
| | မကွေး | အနောက်မြောက် | တေဇ–တစ်ဌာန |
| | တောင်ကြီး | အရှေ့မြောက် | သီရိ – တစ်ဌာန |
| ၃။ **အင်္ဂါနံ** | မူဆယ် | တောင် | အာယု–တစ်ဌာန |
| | သာစည် | မြောက် | တေဇ–တစ်ဌာန |
| | ရွှေညောင် | အရှေ့ | သီရိ – တစ်ဌာန |
| ၄။ **ဗုဒ္ဓဟူးနံ** | မန္တလေး | အနောက်တောင် | အာယု–တစ်ဌာန |
| | မိတ္ထီလာ | အရှေ့မြောက် | တေဇ–တစ်ဌာန |
| | သန်လျင် | အရှေ့တောင် | သီရိ – တစ်ဌာန |
| ၅။ **ကြာသပတေးနံ** | ပြည် | အနောက်မြောက် | အာယု–တစ်ဌာန |
| | ညောင်လေးပင် | အရှေ့တောင် | တေဇ–တစ်ဌာန |
| | ကျုံပျော် | အနောက်တောင် | သီရိ – တစ်ဌာန |

| နေ့နံ | မြို့ရွာ | အရပ်မျက်နှာ | ဌာန |
|---|---|---|---|
| ၆။ **သောကြာနံ** | ပုသိမ် | အရှေ့မြောက် | အာယု–တစ်ဌာန |
| | တောင်သာ | အနောက်တောင် | တေဇ–တစ်ဌာန |
| | ကော့သောင်း | အနောက်မြောက် | သီရိ – တစ်ဌာန |
| ၇။ **စနေနံ** | မြစ်ကြီးနား | အနောက် | အာယု–တစ်ဌာန |
| | နေပြည်တော် | အရှေ့ | တေဇ–တစ်ဌာန |
| | ဟင်္သာတ | တောင် | သီရိ –တစ်ဌာန |
| ၈။ **ရာဟုနံ** | မုံရွာ | မြောက် | အာယု–တစ်ဌာန |
| | လားရှိုး | တောင် | တေဇ–တစ်ဌာန |
| | သရက် | အနောက် | သီရိ–တစ်ဌာန |

**မှတ်ချက်**။ နေ့နံသင့် မြို့ရွာ၏ နေရာသုံးခုတို့၌ အကျုံးဝင်သော ရှေးဟောင်းသမိုင်းဝင် သာသနိကအဆောက်အအုံနေရာများတွင် ရွတ်ပွားရန် ဌာနသတ်မှတ်သင့်ပါသည်။ အဆောက်အအုံမရှိလျှင် မဏ္ဍပ်ထိုး၍ ဆောင်ရွက်ရပါမည်။ သုံးဌာန တစ်ပြိုင်တည်း ရွတ်ပွားရပါမည်။ လိုအပ်သော ကာလအထိ လစဉ် တိုးချဲ့ဆောင်ရွက်သွားရန် ဖြစ်ပါသည်။

# ကန်တော့ပွဲထိုးရန် အစီအစဉ်
# ဗုဒ္ဓရုပ်ပွားတော်ရှေ့၌ ပူဇော်ရန်

(က) ဘုရားပွဲ ငါးဖီး
(ခ) သာသနာပွဲ သုံးဖီး
(ဂ) ရှင်ဥပဂုတ္တပွဲ သုံးဖီး (ပထမဆင့်)
(ဃ) ပန်းနှင့် ရေချမ်းများ၊ သစ်သီးပွဲများ၊ ဆွမ်းဘောဇဉ်များ (ဒုတိယဆင့်)
(င) ဆီမီးနှင့် အမွှေးတိုင်များ (တတိယဆင့်)

## နတ်ပွဲများ (ပထမဆင့်)

၁။ ကမ္ဘာစောင့်နတ်မင်းကြီးများ
၂။ မြန်မာပြည်စောင့်နတ်မင်းကြီးများ
၃။ ဘိုးတော်သိကြားမင်း
၄။ ဝိသုကြုံနတ်မင်း
၅။ မာတလိနတ်မင်း
၆။ ဓတရဋ္ဌနတ်မင်း
၇။ ဝိရူဋ္ဌကနတ်မင်း
၈။ ဝိရူပက္ခနတ်မင်း
၉။ ကုဝေရနတ်မင်း
၁၀။ နတ်စစ်သူကြီး (၄၂)ပါး
၁၁။ နတ်အမတ်ကြီး (၂၄)ပါး
၁၂။ ဆူးလေဘိုးဘိုးကြီး
၁၃။ ရွှေတိဂုံဘိုးဘိုးကြီး
၁၄။ ဗိုလ်တထောင်ဘိုးဘိုးကြီး
၁၅။ ကျိုက္ကဆံဘိုးဘိုးကြီး
၁၆။ မှော်ဘီဘိုးဘိုးကြီး
၁၇။ ရွှေညောင်ပင်ဘိုးဘိုးကြီး
၁၈။ သန်လျင်ဘိုးဘိုးကြီး
၁၉။ ကမ္ဘာတည်ဘိုးတော်ကြီးများ
၂၀။ အလောင်းတော်နတ်သား
၂၁။ ပြဟ္မာမင်း
၂၂။ နေနတ်သား
၂၃။ လနတ်သား
၂၄။ မိုးနတ်သား
၂၅။ လေနတ်သား
၂၆။ အာကာသစိုး
၂၇။ ဝိဇ္ဇာမင်း
၂၈။ ရဟန်းဝိဇ္ဇာ
၂၉။ ဘုရားစောင့်နတ်

# နတ်ပွဲများ (ဒုတိယဆင့်)

၃၀။ တနင်္ဂနွေဂြိုဟ်မင်း
၃၁။ တနင်္လာဂြိုဟ်မင်း
၃၂။ အင်္ဂါဂြိုဟ်မင်း
၃၃။ ဗုဒ္ဓဟူးဂြိုဟ်မင်း
၃၄။ ကြာသပတေးဂြိုဟ်မင်း
၃၅။ သောကြာဂြိုဟ်မင်း
၃၆။ စနေဂြိုဟ်မင်း
၃၇။ ရာဟုဂြိုဟ်မင်း
၃၈။ ကိတ်ဂြိုဟ်မင်း
၃၉။ မိတ်ဂြိုဟ်မင်း
၄၀။ နက္ခတ် (၂၇)လုံး
၄၁။ ရသေ့ဝိဇ္ဇာ
၄၂။ နတ်ဝိဇ္ဇာ
၄၃။ လူဝိဇ္ဇာ
၄၄။ မီးနတ်သား
၄၅။ ရေနတ်သား
၄၆။ နေပြည်တော်စောင့်နတ်
၄၇။ ကချင်ပြည်နယ်စောင့်နတ်
၄၈။ ကယားပြည်နယ်စောင့်နတ်
၄၉။ ကရင်ပြည်နယ်စောင့်နတ်
၅၀။ ချင်းပြည်နယ်စောင့်နတ်
၅၁။ စစ်ကိုင်းတိုင်းစောင့်နတ်
၅၂။ တနင်္သာရီတိုင်းစောင့်နတ်
၅၃။ ပဲခူးတိုင်း(အရှေ့ပိုင်း/အနောက်ပိုင်း) စောင့်နတ်
၅၄။ မကွေးတိုင်းစောင့်နတ်
၅၅။ မန္တလေးတိုင်းစောင့်နတ်
၅၆။ မွန်ပြည်နယ်စောင့်နတ်
၅၇။ ရခိုင်ပြည်နယ်စောင့်နတ်
၅၈။ ရန်ကုန်တိုင်းစောင့်နတ်
၅၉။ ရှမ်းပြည်နယ်(မြောက်ပိုင်း)စောင့်နတ်
၆၀။ ရှမ်းပြည်နယ်(တောင်ပိုင်း) စောင့်နတ်
၆၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) စောင့်နတ်
၆၂။ ဧရာဝတီတိုင်းစောင့်နတ်
၆၃။ နဂါး
၆၄။ ဂဠုန်
၆၅။ ကုမ္ဘဏ်
၆၆။ ယက္ခ
၆၇။ ဂန္ဓဗ္ဗ

# နတ်ပွဲများ (တတိယဆင့်)

၆၈။ ဘုမ္မစိုး
၆၉။ ရုက္ခစိုး
၇၀။ ယမမင်း
၇၁။ မြေနတ်သား
၇၂။ ပြည့်ရှင်မင်းများ
၇၃။ ရေငန်ပိုင်ဦးရှင်ကြီး (အောက်မြန်မာနိုင်ငံ)
၇၄။ တောစောင့်နတ်
၇၅။ တောင်စောင့်နတ်
၇၆။ မြို့စောင့်နတ်
၇၇။ ရွာစောင့်နတ်
၇၈။ ကိုယ်စောင့်နတ်
၇၉။ နယ်ခြားစောင့်နတ်
၈၀။ ပယ်ခြားစောင့်နတ်
၈၁။ လမ်းတံတားစောင့်နတ်
၈၂။ အတွင်း (၃၇)မင်း
၈၃။ အပြင် (၃၇)မင်း
၈၄။ အဝန်း (၃၇)မင်း
၈၅။ သိုက်နန်းရှင်များ
၈၆။ ဂူနန်းရှင်များ
၈၇။ ဘုမ္မိရှင်များ
၈၈။ မြစိမ်းရှင်မယ်တော်ကြီး
၈၉။ နဂါးမယ်တော်ကြီး
၉၀။ ပင်လယ်စောင့်နတ်
၉၁။ သမုဒ္ဒရာစောင့်နတ်
၉၂။ တိုင်းပြည်အတွက် အသက်ပေး
လှူသွားသော အရာရှိ၊
အရာခံ၊ အကြပ်တပ်သားများ
၉၃။ တောပိုင်
၉၄။ တောင်ပိုင်
၉၅။ ကွင်းပိုင်
၉၆။ နယ်ပိုင်
၉၇။ မြို့ပိုင်
၉၈။ ရွာပိုင်
၉၉။ တောလမိုင်း
၁၀၀။ တောင်လမိုင်း
၁၀၁။ ကုန်းလမိုင်း
၁၀၂။ ရေလမိုင်း
၁၀၃။ ကွင်းလမိုင်း
၁၀၄။ စက်လမိုင်း
၁၀၅။ အနုပညာလမိုင်း
၁၀၆။ မူလဘုရားဒကာ၊ ဘုရားအမများ
၁၀၇။ ဥက္ကလာပမင်းကြီး
၁၀၈။ မယ်လမု

**မှတ်ချက်**။ ။ မိမိဒေသဆိုင်ရာနတ်များကို ထပ်မံထည့်နိုင်ပါသည်။

# ထုတ်ဝေပြီးသောစာအုပ်များ

| စဉ် | စာအုပ်အမည် | ထုတ်ဝေသည့်ခုနှစ် | တန်ဖိုး |
|---|---|---|---|
| ၁။ | ဥပ္ပါတသန္တိဝတ်ရွတ်စဉ် (၈″×၁၁″)ဆိုဒ် | ၂၀၂၃ | ၃၆၀၀ိ/– |
| ၂။ | ဥပ္ပါတသန္တိဝတ်ရွတ်စဉ် (၅″×၈″)ဆိုဒ် | ၂၀၂၃ | ၂၁၀၀ိ/– |
| ၃။ | အနေကဇာတင်ပါဠိ (ပါဠိ–မြန်မာပြန်) (၈″×၁၁″)ဆိုဒ် | ၂၀၂၄ | ၁၄၀၀ိ/– |
| ၄။ | ဘုရားရှိခိုးနှင့် အန္တရာယ်ကင်းဂါထာများ (၈″×၁၁″)ဆိုဒ် | ၂၀၂၄ | ၂၆၀၀ိ/– |
| ၅။ | ဘုရားရှိခိုးနှင့် အန္တရာယ်ကင်းဂါထာများ (၅″×၈″)ဆိုဒ် | ၂၀၂၄ | ၁၈၀၀ိ/– |
| ၆။ | ဘုရားရှိခိုးနှင့် အန္တရာယ်ကင်းဂါထာများ (၄″×၆″)ဆိုဒ် | ၂၀၂၄ | ၁၇၀၀ိ/– |
| ၇။ | ဂိရိမာနန္ဒသုတ် (ပါဠိ–နိဿယ–မြန်မာပြန်) (၈″×၁၁″)ဆိုဒ် | ၂၀၂၄ | ၂၀၀၀ိ/– |
| ၈။ | ဂိရိမာနန္ဒသုတ် (ပါဠိ–နိဿယ–မြန်မာပြန်) (၅″×၈″)ဆိုဒ် | ၂၀၂၄ | ၁၆၀၀ိ/– |
| ၉။ | ဂိရိမာနန္ဒသုတ် (ပါဠိ–နိဿယ–မြန်မာပြန်) (၄″×၆″)ဆိုဒ် | ၂၀၂၄ | ၁၃၀၀ိ/– |
| ၁၀။ | ဗောဇ္ဈင်္ဂသုတ်နှင့်အသက်ရှည်နည်းအကြောင်းတရားများ (၈″×၁၁″)ဆိုဒ် | ၂၀၂၄ | ၁၇၀၀ိ/– |
| ၁၁။ | ဗောဇ္ဈင်္ဂသုတ်နှင့်အသက်ရှည်နည်းအကြောင်းတရားများ (၄″×၆″)ဆိုဒ် | ၂၀၂၄ | ၁၀၀၀ိ/– |
| ၁၂။ | သစ္စာပြု မဟာဝေဒပ္ပမန္တန်နှင့် စူဠဝေဒပ္ပမန္တန် (၈″×၁၁″)ဆိုဒ် | ၂၀၂၄ | ၁၇၀၀ိ/– |
| ၁၃။ | အံ့ဘွယ်ရှစ်ဖြာသာသနာနှင့် မြတ်ဗုဒ္ဓ၏ဩဝါဒဒေသနာတော် (၈″×၁၁″)ဆိုဒ် | ၂၀၂၄ | ၁၅၀၀ိ/– |
| ၁၄။ | ပကိဏ္ဏက နမက္ကာရ အစိန္တေယျဘုရားရှိခိုးကြီး (၈″×၁၁″)ဆိုဒ် | ၂၀၂၄ | ၂၁၀၀ိ/– |
| ၁၅။ | မင်္ဂလသုတ် (ပါဠိ–မြန်မာပြန်) (၈″×၁၁″)ဆိုဒ် | ၂၀၂၄ | ၁၅၀၀ိ/– |
| ၁၆။ | ရတနသုတ်(ပါဠိ–မြန်မာပြန်–နိဿယ) (၈″×၁၁″)ဆိုဒ် | ၂၀၂၄ | ၂၁၀၀ိ/– |
| ၁၇။ | မေတ္တာသုတ် (ပါဠိ–မြန်မာပြန်) (၈″×၁၁″)ဆိုဒ် | ၂၀၂၄ | ၁၆၀၀ိ/– |
| ၁၈။ | မေတ္တာသုတ် (ပါဠိ–မြန်မာပြန်) (၅″×၈″)ဆိုဒ် | ၂၀၂၄ | ၁၅၀၀ိ/– |
| ၁၉။ | မေတ္တာသုတ် (ပါဠိ–မြန်မာပြန်) (၄″×၆″)ဆိုဒ် | ၂၀၂၄ | ၈၀၀ိ/– |
| ၂၀။ | ခန္ဓသုတ် (ပါဠိ–မြန်မာပြန်) (၈″×၁၁″)ဆိုဒ် | ၂၀၂၄ | ၁၄၀၀ိ/– |
| ၂၁။ | မောရသုတ် (ပါဠိ–မြန်မာပြန်) (၈″×၁၁″)ဆိုဒ် | ၂၀၂၄ | ၁၅၀၀ိ/– |
| ၂၂။ | ဝဋ္ဋသုတ် (ပါဠိ–မြန်မာပြန်) (၈″×၁၁″)ဆိုဒ် | ၂၀၂၄ | ၁၄၀၀ိ/– |
| ၂၃။ | ဓဇဂ္ဂသုတ် (ပါဠိ–မြန်မာပြန်) (၈″×၁၁″)ဆိုဒ် | ၂၀၂၄ | ၁၆၀၀ိ/– |
| ၂၄။ | အာဋာနာဋိယသုတ်(ပါဠိ–မြန်မာပြန်) (၈″×၁၁″)ဆိုဒ် | ၂၀၂၄ | ၁၇၀၀ိ/– |

| စဉ် | စာအုပ်အမည် | ထုတ်ဝေသည့်ခုနှစ် | တန်ဖိုး |
|---|---|---|---|
| ၂၅။ | အင်္ဂုလိမာလသုတ်(ပါဠိ–မြန်မာပြန်) (၈"×၁၁")ဆိုဒ် | ၂၀၂၄ | ၁၄၀၀ိ/– |
| ၂၆။ | ဗောဇ္ဈင်္ဂသုတ် (ပါဠိ–မြန်မာပြန်) (၈"×၁၁")ဆိုဒ် | ၂၀၂၄ | ၁၄၀၀ိ/– |
| ၂၇။ | ဗောဇ္ဈင်္ဂသုတ် (ပါဠိ–မြန်မာပြန်) (၄"×၆")ဆိုဒ် | ၂၀၂၄ | ၈၀၀ိ/– |
| ၂၈။ | ပုဗ္ဗဏှသုတ် (ပါဠိ–မြန်မာပြန်) (၈"×၁၁")ဆိုဒ် | ၂၀၂၄ | ၁၄၀၀ိ/– |
| ၂၉။ | ပရိတ်ကြီး (၁၁)သုတ် (ပါဠိ–မြန်မာပြန်) (၈"×၁၁")ဆိုဒ် | ၂၀၂၄ | ၃၁၀၀ိ/– |
| ၃၀။ | ပရိတ်ကြီး (၁၁)သုတ် (ပါဠိ–မြန်မာပြန်) (၅"×၈")ဆိုဒ် | ၂၀၂၄ | ၁၉၀၀ိ/– |
| ၃၁။ | မဟာသမယသုတ်ဝတ်ရွတ်စဉ် (ပါဠိ–မြန်မာပြန်) (၈"×၁၁")ဆိုဒ် | ၂၀၂၄ | ၃၁၀၀ိ/– |
| ၃၂။ | အဘယသုတ် (ပါဠိ–မြန်မာပြန်) (၈"×၁၁")ဆိုဒ် | ၂၀၂၄ | ၁၇၀၀ိ/– |
| ၃၃။ | အဘယသုတ် (ပါဠိ–မြန်မာပြန်) (၅"×၈")ဆိုဒ် | ၂၀၂၄ | ၁၆၀၀ိ/– |
| ၃၄။ | အဘယသုတ် (ပါဠိ–မြန်မာပြန်) (၄"×၆")ဆိုဒ် | ၂၀၂၄ | ၁၃၀၀ိ/– |
| ၃၅။ | သာမညဖလသုတ်(ပါဠိ–မြန်မာပြန်) (၈"×၁၁")ဆိုဒ် | ၂၀၂၄ | ၃၉၀၀ိ/– |
| ၃၆။ | နတ်ချစ်သုတ္တန်ဂါထာတော်များ(ပါဠိ–မြန်မာပြန်) (၈"×၁၁")ဆိုဒ် | ၂၀၂၄ | ၄၃၀၀ိ/– |
| ၃၇။ | ငါးရံ့မင်းပရိတ်တော်(ပါဠိ–မြန်မာပြန်)နှင့်<br>မိုးကမ္မဝါစာတမ်း (၈"×၁၁")ဆိုဒ် | ၂၀၂၄ | ၂၅၀၀ိ/– |
| ၃၈။ | ခင်ပွန်းကြီး(၁၀)ပါးကန်တော့နည်းနှင့်<br>ခင်ပွန်းကြီး(၁၀)ပါးအဓိပ္ပာယ် (၈"×၁၁")ဆိုဒ် | ၂၀၂၄ | ၁၉၀၀ိ/– |
| ၃၉။ | အာဠဝကသုတ္တန်(ပါဠိ–မြန်မာပြန်)(၈"×၁၁")ဆိုဒ် | ၂၀၂၄ | ၁၆၀၀ိ/– |
| ၄၀။ | ဓမ္မစက္ကပ္ပဝတ္တနသုတ်(ပါဠိ–မြန်မာပြန်) (၈"×၁၁")ဆိုဒ် | ၂၀၂၄ | ၁၉၀၀ိ/– |
| ၄၁။ | အနတ္တလက္ခဏသုတ်(ပါဠိ–မြန်မာပြန်) (၈"×၁၁")ဆိုဒ် | ၂၀၂၄ | ၁၇၀၀ိ/– |
| ၄၂။ | သောတာနုဂတသုတ္တန် (ပါဠိ–မြန်မာပြန်) (၈"×၁၁")ဆိုဒ် | ၂၀၂၄ | ၁၈၀၀ိ/– |
| ၄၃။ | နမက္ကာရဘုရားရှိခိုး (ပါဠိ–နိဿယ) (၈"×၁၁")ဆိုဒ် | ၂၀၂၄ | ၃၂၀၀ိ/– |
| ၄၄။ | ယသောဓရာထေရီ၏နောက်ဆုံးကန်တော့ခြင်း<br>ဝန္ဒနာဂါထာတော်များ (ပါဠိ–မြန်မာပြန်) (၈"×၁၁")ဆိုဒ် | ၂၀၂၄ | ၃၀၀၀ိ/– |
| ၄၅။ | ကာလာမသုတ္တန် (ပါဠိ–မြန်မာပြန်) (၈"×၁၁")ဆိုဒ် | ၂၀၂၄ | ၂၈၀၀ိ/– |
| ၄၆။ | ဆန္ဒသမာဓိသုတ္တန် (ပါဠိ–မြန်မာပြန်) (၈"×၁၁")ဆိုဒ် | ၂၀၂၄ | ၂၃၀၀ိ/– |
| ၄၇။ | အရှင်မဟာဗုဒ္ဓဃောသ၏ ဘဝနှင့်ဓမ္မ (၈"×၁၁")ဆိုဒ် | ၂၀၂၄ | ၂၀၀၀ိ/– |

## ထုတ်ဝေပြီးသောစာအုပ်များ၏  အကြောင်းအရာအကျဉ်းချုပ်

### ဉပ္ပါတသန္တိဝတ်ရွတ်စဉ်

ဉပ္ပါတသန္တိသုတ်တော်သည် ရဟန္တာအရှင်မြတ် အရှင်မဟာသီလဝံသနှင့် ရှေးရှေး ဆရာတော်ဘုရားကြီးများ စီရင်ခဲ့သောသုတ်တော်ဖြစ်ပါသည်။ ပွင့်တော်မူပြီး၊ ပွင့်တော်မူ လတ္တံ့ဖြစ်သော ဘုရားရှင်များနှင့် ရဟန္တာမထေရ်မြတ်ကြီးများ၏ ဂုဏ်တော်တို့ကို ဂါထာပေါင်း (၂၇၁)ဂါထာတို့ဖြင့် ဖော်ကျူးပူဇော်ထားသည့် ထိုသုတ်တော်ကို တိုင်းနိုင်ငံ တွင် ကပ်သုံးပါး ထူပြောသည့်အခါ၊ ဂြိုဟ်စီးဂြိုဟ်နင်း မကောင်းသည့်အခါနှင့် ဘေး အန္တရာယ်ကျရောက်ရန် အတိတ်ဆိုး နိမိတ်ဆိုးတို့ ပေါ်ပေါက်သည့်အခါများတွင် မြို့ရွာ တိုင်း ရွတ်ပွားခြင်းအားဖြင့် ဘေးဉပဒ်အန္တရာယ်မှ လွတ်မြောက်ငြိမ်းအေးစေနိုင်ပါသည်။

### အနေကဇာတင်ပါဠိ

အနေကဇာတင်ပါဠိသည် မြတ်စွာဘုရားရှင် ဘုရားအဖြစ်သို့ ရောက်တော်မူသည့် အခါ ဘဝါဘဝက တောင့်တခဲ့သောဆန္ဒ ပြည့်မြောက်တော်မူသဖြင့် ဝမ်းသာပီတိ စိတ်နှလုံးဖြင့် ကျူးရင့်တော်မူခဲ့သော ဂါထာစကားတော်များ ဖြစ်ပါသည်။ ရွတ်ဆို ရှိခိုးပူဇော်ခြင်းအားဖြင့် ကျက်သရေ မင်္ဂလာအဖြာဖြာ တိုးတက်ခြင်း၊ အန္တရာယ်ကင်းခြင်း၊ လိုအင်ဆန္ဒပြည့်ဝခြင်းစသော အကျိုးတရားများကို ရရှိနိုင်ပါသည်။

### ဘုရားရှိခိုးနှင့်  အန္တရာယ်ကင်းဂါထာများ

ဘုရားရှိခိုးနှင့်အန္တရာယ်ကင်းဂါထာများသည် ရွတ်ဖတ်ပူဇော်သူတို့ အသက် အန္တရာယ်ကင်းစေရန်၊ အခက်အခဲ အကျပ်အတည်းမှ လွတ်မြောက်စေရန်နှင့် အောင်မြင်မှု များရရှိစေရန် မြတ်စွာဘုရားရှင်၏ ဂုဏ်တော်, ဒေသနာတော်တို့ကို ထုတ်ဖော်၍ ရှိခိုး ပူဇော်ထားသော ဂါထာများဖြစ်ပါသည်။ ထို့ပြင် သဒ္ဓါစိတ်ဖြစ်ပေါ်ပါက ချက်ချင်း ကုသိုလ်ပြုသင့်ကြောင်းကို ဘုရားရှင်ကိုယ်တိုင် တိုက်တွန်းတော်မူခဲ့သောဂါထာနှင့် မိမိနေထိုင်ရာကို လုံခြုံစေရန် ရှေးအစဉ်အလာအရ စည်းချနည်း (၃)မျိုးဖြင့် စည်းချပုံ ကိုလည်း ဖော်ပြထားပါသည်။

### ဂိရိမာနန္ဒသုတ်

ဂိရိမာနန္ဒသုတ်သည် ကျန်းမာရေးမကောင်းသော အရှင်ဂိရိမာနန္ဒမထေရ်ကို ရည်ရွယ်၍ မြတ်စွာဘုရားရှင်က အရှင်အာနန္ဒာအား ဟောကြားတော်မူသော သုတ္တန် ဖြစ်ပါသည်။ ထိုသုတ္တန်တွင် ''သညာဆယ်ပါး ရှုပွားပုံ''ကို ဟောကြားထားရာ အရှင်

အာနန္ဒာက အရှင်ဂိရိမာနန္ဒမထေရ်ကို ပြန်လည်ဟောကြား၍ ရှုပွားစေသဖြင့် ကျန်းမာရေး ပြန်လည်ကောင်းမွန်လာခဲ့ပါသည်။ သို့ဖြစ်၍ ဂိရိမာနန္ဒသုတ်ကို ရွတ်ပွားပူဇော်ခြင်းဖြင့် ကျန်းမာခြင်း၊ အနာရောဂါကင်းခြင်းစသော အကျိုးတရားများကို ရရှိနိုင်ပါသည်။

## ဗောဇ္ဈင်္ဂသုတ်နှင့် အသက်ရှည်နည်းအကြောင်းတရားများ

ဗောဇ္ဈင်္ဂသုတ်နှင့် အသက်ရှည်နည်းအကြောင်းတရားများတွင် ဗောဇ္ဈင်္ဂသုတ်သည် အရှင်မဟာမောဂ္ဂလ္လာန်နှင့်အရှင်မဟာကဿပတို့ မကျန်းမာချိန်တွင် ပြန်လည်ကျန်းမာစေရန် ဘုရားရှင်က ဟောကြားတော်မူခဲ့သော သုတ်တော်ဖြစ်ပါသည်။ ဘုရားရှင်ကိုယ်တိုင် ကျန်းမာရေး မကောင်းချိန်တွင်လည်း အရှင်စုန္ဒအား ထိုဗောဇ္ဈင်္ဂသုတ်ကို ရွတ်ဖတ်စေရာ ရောဂါပျောက်ကင်း၍ ကျန်းမာတော်မူခဲ့ပါသည်။ ထို့ပြင် အသက်ရှည်ခြင်း၏ အကြောင်းတရားများဖြစ်သော ကောင်းမှုကုသိုလ်များကိုလည်း အတုယူ ပြုလုပ်နိုင်စေရန် ဖော်ပြထားပါသည်။

## သစ္စာပြုမဟာဝေဒပ္ပမန္တန်နှင့် စူဠဝေဒပ္ပမန္တန်

သစ္စာပြုမဟာဝေဒပ္ပမန္တန်နှင့်စူဠဝေဒပ္ပမန္တန်သည် ပိဋကတ်တော်ထဲမှ ရတနာသုံးပါး၏ ဂုဏ်တော်အဆီအနှစ်များကို ထုတ်နုတ်ပူဇော်ထားသော သစ္စာပြု မန္တန်တော်များ ဖြစ်ပါသည်။ စီးပွားဉစ္စာ တိုးတက်စေသော မန္တန်တော်ကြီးဖြစ်ကြောင်း သိရှိသူများပါသည်။ ဓနသိဒ္ဓိနက္ခတ်နှင့် ကိုက်ညီစွာ ရွတ်ဖတ်ပူဇော်ပါက ပိုမိုအကျိုးသက်ရောက်နိုင်သည်ဖြစ်၍ ဓနသိဒ္ဓိနက္ခတ်ပေါ် မွန်းတည့်မျဉ်းဖြတ်ဇယားကိုပါ ထည့်သွင်းစီစဉ်ထားပါသည်။

## အံ့ဘွယ်ရှစ်ဖြာသာသနာနှင့် မြတ်ဗုဒ္ဓ၏ဩဝါဒ ဒေသနာတော်

အံ့ဘွယ်ရှစ်ဖြာသာသနာနှင့်မြတ်ဗုဒ္ဓ၏ဩဝါဒဒေသနာတော်သည် ဆဋ္ဌသင်္ဂါယနာတင်တော်မူခဲ့သည့် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးအတွင်း မှတ်တမ်းတင်ထားသော သာသနာတော်၏ အံ့ဘွယ်ဂုဏ်ရည်ရှစ်ပါးနှင့် မြတ်ဗုဒ္ဓ၏ ဩဝါဒဒေသနာတော်

ကို သမိုင်းအမွေအဖြစ် ဖတ်ရှုလိုက်နာကျင့်သုံးသူတို့ ကုသိုလ်တရားများ တိုးပွားစေနိုင်ရန် ထုတ်ဝေပူဇော်ထားပါသည်။

## ပကိဏ္ဏက နမက္ကာရ အစိန္တေယျဘုရားရှိခိုးကြီး

ပကိဏ္ဏက နမက္ကာရ အစိန္တေယျဘုရားရှိခိုးကြီးသည် ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီးကိုယ်တိုင် မြတ်စွာဘုရားရှင်၏ ဂုဏ်တော်အပေါင်းကို စုစည်းရေးသား ပူဇော်တော်မူထားသည့် ဘုရားရှိခိုးကြီးဖြစ်ပါသည်။ ရွတ်ဆိုပူဇော်ရှိခိုးသူတို့ ဘုန်းကံကြီးမားခြင်း၊ ကျက်သရေမင်္ဂလာ တိုးပွားခြင်းနှင့် ကောင်းကျိုးလိုအင်ဆန္ဒများ ပြည့်ဝခြင်းစသော အကျိုးတရားများကို ရရှိစေနိုင်ပါသည်။

## မင်္ဂလသုတ်

မင်္ဂလသုတ်သည် လူ့နတ်တို့အကြား (၁၂)နှစ်တိုင်တိုင် အငြင်းပွားခဲ့ရသော မင်္ဂလာတရားအစစ်အမှန်ကို ဘုရားရှင်က ဖြေရှင်းဟောကြားထားသော သုတ်တော်ဖြစ်ပါသည်။ မင်္ဂလသုတ်တွင် ရှောင်ကြဉ်ရေးမင်္ဂလာ၊ လိုက်နာကျင့်သုံးရေးမင်္ဂလာစသည့် မင်္ဂလာတရား (၃၈)ပါးကို ဟောကြားတော်မူထားရာ ရွတ်ဆိုပူဇော်လိုက်နာကျင့်သုံးသူတို့ ကျက်သရေမင်္ဂလာတိုးပွားခြင်း၊ အောင်မြင်ခြင်းမှသည် နိဗ္ဗာန်တိုင်အောင်သော အကျိုးတရားများကို ရရှိနိုင်ပါသည်။

## ရတနသုတ်

ရတနသုတ်သည် ကပ်သုံးပါးကျရောက်၍ ဒုက္ခရောက်နေသော ဝေသာလီပြည်ကြီး အန္တရာယ်ကင်း၍ ချမ်းသာစေရန် မြတ်စွာဘုရားရှင်က အရှင်အာနန္ဒာမထေရ်အား မြို့တွင်းလှည့်လည်ကာ ရွတ်ဆိုပူဇော်စေခဲ့သော သုတ်တော်ဖြစ်ပါသည်။ ရတနသုတ်တော်၏ အစွမ်းဖြင့် ဝေသာလီပြည်ကြီး ကပ်သုံးပါး ကင်းပျောက်ကာ ချမ်းသာသကဲ့သို့ ရွတ်ဆိုပူဇော်သူတို့လည်း ကပ်ကြီးသုံးပါးမှ ကျော်လွှန်နိုင်ခြင်း၊ ချမ်းသာကြီးခြင်းစသော အကျိုးများကို ရရှိစေနိုင်ပါသည်။

## မေတ္တသုတ်

မေတ္တသုတ်သည် ပရလောကသား နာနာဘာဝတို့၏ ခြောက်လှန့်နှောင့်ယှက်မှုကြောင့် တရားအားမထုတ်နိုင်ကြသော ရဟန်းတော်ငါးရာကို ပရလောကသားတို့၏ ချစ်ခင်စောင့်ရှောက်မှုဖြင့် တရားအားထုတ်နိုင်စေရန် ဟောကြားသင်ပြပေးတော်မူခဲ့သော သုတ်တော်ဖြစ်ပါသည်။ မေတ္တသုတ်ကို ရွတ်ဆိုပွားများခြင်းဖြင့် လူ,နတ်များ ချစ်ခင်စောင့်ရှောက်ခြင်း၊ ကောင်းကျိုးလိုအင်ဆန္ဒများ ပြည့်ဝခြင်းစသော အကျိုးများကို ရရှိစေနိုင်ပါသည်။

## ခန္ဓသုတ်

ခန္ဓသုတ်သည် မြွေကိုက်ခံရသည့် ရဟန်းတစ်ပါးကို အကြောင်းပြု၍ အခြားရဟန်းများ မြွေအန္တရာယ်ကင်းစေရန် မြတ်စွာဘုရားရှင် ဟောကြားတော်မူသော သုတ်တော်ဖြစ်ပါသည်။ ဘုရားရှိခိုးခြင်းနှင့် မြွေမင်းလေးမျိုးကို မေတ္တာပို့ထားသော သုတ်ဖြစ်၍ ရွတ်ဆိုပူဇော်သူတို့ မြွေအန္တရာယ်အပြင် အခြားအဆိပ်ရှိသော သတ္တဝါများ၏ ဘေးရန်ပြုခြင်းမှလည်း ကင်းဝေးစေနိုင်ပါသည်။

## မောရသုတ်

မောရသုတ်သည် ဘုရားလောင်းဥဒေါင်းမင်းဘဝက ရွတ်ဆိုပူဇော်ခဲ့သည့် ဗြဟ္မမန္တန်ကို ပြန်လည်ဟောကြားထားသော သုတ်တော်ဖြစ်ပါသည်။ ရွတ်ဆိုပူဇော်ရှိခိုးသူတို့ ဘုရားလောင်း ဥဒေါင်းမင်းကဲ့သို့ အချုပ်အနှောင် မခံရခြင်း၊ အကျပ်အတည်းကို ကျော်လွှားနိုင်ခြင်းစသော အကျိုးများကို ရရှိစေနိုင်ပါသည်။

## ဝဋ္ဋသုတ်

ဝဋ္ဋသုတ်သည် ဘုရားလောင်း ငုံးမင်းဘဝက မီးဘေးအန္တရာယ်နှင့် ကြုံသဖြင့် သစ္စာပြုခဲ့သော သုတ်တော်ဖြစ်ပါသည်။ ထိုသို့ သစ္စာပြုခြင်းကြောင့် ဘုရားလောင်းငုံးမင်း မီးဘေးအန္တရာယ်မှ ကင်းဝေးသကဲ့သို့ ရွတ်ဆိုပူဇော်သူတို့လည်း မီးဘေးအန္တရာယ်မှ ကင်းဝေးခြင်း၊ လူမှုဒုက္ခ သောကအပူမီးများမှ ကင်းလွတ်ခြင်းစသော အကျိုးတရားများ ရရှိစေနိုင်ပါသည်။

## ဓဇဂ္ဂသုတ်

ဓဇဂ္ဂသုတ်သည် တောတောင်များအတွင်း၌ သီတင်းသုံးနေထိုင်ကြသော ရဟန်းတော်များ ထိတ်လန့်ကြောက်ရွံ့မှု ကင်းစေရန် မြတ်စွာဘုရားရှင် ဟောကြားတော်မူထားသော သုတ်တော်ဖြစ်ပါသည်။ ရွတ်ဆိုပူဇော်ခြင်းအားဖြင့် ကြောက်ရွံ့မှုကင်းခြင်း၊ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်ခြင်းစသော အကျိုးများကို ရရှိစေနိုင်ပါသည်။

## အာဋာနာဋိယသုတ်

အာဋာနာဋိယသုတ်သည် ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်များကို နတ်၊ ဘီလူးစသည့် ကြမ်းကြုတ်သောပုဂ္ဂိုလ်တို့က မနှိပ်စက်နိုင်စေရန် နတ်မင်းကြီးလေးပါးက လျှောက်ထားသဖြင့် မြတ်စွာဘုရားရှင်က ဟောကြားတော်မူသော သုတ်တော်ဖြစ်ပါသည်။ ရွတ်ဆိုပူဇော်ခြင်းအားဖြင့် နတ်များ စောင့်ရှောက်ခြင်း၊ ဘီလူးစသည့် မကောင်းဆိုးဝါးများ မနှောင့်ယှက်နိုင်ခြင်းစသော အကျိုးတရားများကို ရရှိစေနိုင်ပါသည်။

## အင်္ဂုလိမာလသုတ်

အင်္ဂုလိမာလသုတ်သည် မီးမဖွားနိုင်သော အမျိုးသမီးငယ်ကို သနားသောကြောင့် အရှင်အင်္ဂုလိမာလက မြတ်စွာဘုရားရှင်အား လျှောက်ထားရာ မြတ်စွာဘုရားရှင်က သစ္စာဆို၍ စောင့်ရှောက်ရန် မိန့်ကြားတော်မူခဲ့သဖြင့် သစ္စာဆိုထားသော သုတ်တော်ဖြစ်ပါသည်။ ရွတ်ဆိုပူဇော်ခြင်း၊ နာယူခြင်းအားဖြင့် အလွယ်တကူ သားသမီးရတနာများကို ဖွားမြင်နိုင်ခြင်း၊ အကျပ်အတည်း အခက်အခဲကို ကျော်လွှားနိုင်ခြင်းစသော အကျိုးတရားများကို ရရှိစေနိုင်ပါသည်။

## ဗောဇ္ဈင်္ဂသုတ်

ဗောဇ္ဈင်္ဂသုတ်သည် အရှင်မဟာမောဂ္ဂလ္လာန်နှင့်အရှင်မဟာကဿပတို့ မကျန်းမာချိန်တွင် ပြန်လည်ကျန်းမာစေရန် ဘုရားရှင်က ဟောကြားတော်မူခဲ့သော သုတ်တော်ဖြစ်ပါသည်။ ဘုရားရှင်ကိုယ်တိုင် ကျန်းမာရေး မကောင်းချိန်တွင်လည်း အရှင်စုန္ဒအား ထိုဗောဇ္ဈင်္ဂသုတ်ကို ရွတ်ဖတ်စေရာ ရောဂါပျောက်ကင်း၍ ကျန်းမာတော်မူခဲ့ပါသည်။

သို့ဖြစ်၍ ရွတ်ဆိုပူဇော်ပွားများသူတို့ ကျန်းမာခြင်း၊ အနာရောဂါကို ကျော်လွှားနိုင်ခြင်း စသော အကျိုးတရားများကို ရရှိစေနိုင်ပါသည်။

## ပုဗ္ဗဏှသုတ်

ပုဗ္ဗဏှသုတ်သည် မကောင်းသော အတိတ်ဆိုး၊ နိမိတ်ဆိုး၊ ပါပဂြိုဟ်ဆိုးများမှ ကင်းဝေးစေရန် မြတ်ဗုဒ္ဓ၏ တရားတော်များမှ ထုတ်နုတ်၍ ရှေးဆရာတော်များ စီရင်ထားသော သုတ်တော်ဖြစ်ပါသည်။ ရွတ်ဆိုပူဇော်ခြင်းအားဖြင့် ကျက်သရေမင်္ဂလာတိုးပွားခြင်း၊ အတိတ်ဆိုး၊ နိမိတ်ဆိုးများကို ကျော်လွှားနိုင်ခြင်းစသော အကျိုးများကို ရရှိစေနိုင်ပါသည်။

## ပရိတ်ကြီး(၁၁)သုတ်

ပရိတ်ကြီး(၁၁)သုတ်သည် မြတ်ဗုဒ္ဓ၏လက်ထက်တော်မှသည် ပုဂံ,ပင်းယ,အင်းဝ, ကုန်းဘောင်ခေတ်အဆက်ဆက် အရံအတားအဖြစ် ရွတ်ဆိုပူဇော်ခဲ့ကြသော ပရိတ်တော်များ ဖြစ်ပါသည်။ ပရိတ်တော်အမျိုးအစား စုံလင်သကဲ့သို့ အကျိုးတရားလည်း စုံလင်လှပါသည်။ ဘုန်းတော်ကြီးကျောင်းတွင်လည်း ခေတ်အဆက်ဆက် အလေးအနက်ထားကာ သင်ကြားရွတ်ဆိုပူဇော်သော ပရိတ်တော်များဖြစ်၍ ရွတ်ဆိုပူဇော်ပွားများသူတို့ တန်ဖိုးမဖြတ်နိုင်သော ကောင်းကျိုးအမျိုးမျိုးကို ရရှိစေနိုင်ပါသည်။

## မဟာသမယသုတ်ဝတ်ရွတ်စဉ်

မဟာသမယသုတ်တော်ကို မြတ်စွာဘုရားသည် နဂါး၊ ဂဠုန်၊ နတ်၊ ဗြဟ္မာ၊ ရဟန်းပရိသတ် အစုံအလင် စုဝေးလျက် ဟောကြားထားသော သုတ်တော်ဖြစ်ပါသည်။ တရားနာလာသော ပုဂ္ဂိုလ်တို့၏ အမည်နာမအသီးသီးကို ဖော်ထုတ်လျက် ဘုရားရှင်က အချင်းချင်း မိတ်ဆက်သိစေတော်မူခြင်းဖြစ်ပါသည်။ တစ်ဦးနှင့်တစ်ဦး မေတ္တာသက်ဝင် ချစ်ခင်သိကျွမ်းစေခြင်းဖြင့် မေတ္တာတရားကို ဖော်ညွှန်းထားပါသည်။ ဤသုတ်တော်ကို ရွတ်ဆိုပူဇော်သူတို့အား မေတ္တာတရား ရောင်ပြန်အနေဖြင့် လူ,နတ်ချစ်ခင်မှုကို ကေန် ရရှိစေနိုင်ပါသည်။

## အဘယသုတ်

အဘယသုတ်တော်သည် အသက်ခန္ဓာ ရလာသူတိုင်း တွေ့ကြုံရမည်ဖြစ်သော သေခြင်းတရားကို ရင်ဆိုင်နိုင်ရန် ဟောကြားထားသည့် သုတ်တော်ဖြစ်ပါသည်။ ထိုသုတ်တော်ကို ရွတ်ဆိုပူဇော်ပွားများနေခြင်းဖြင့် သေခြင်းတရားကို ထိတ်လန့်ကြောက်ရွံ့မှုနည်းပါးခြင်း၊ ကာမဂုဏ်၌ တပ်မက်မှုနည်းပါးခြင်း၊ ကုသိုလ်ကောင်းမှုပြုလိုစိတ်များ ဖြစ်ပွားခြင်းစသော အကျိုးတရားများကို ရရှိစေသော သုတ်တော်ဖြစ်ပါသည်။

## သာမညဖလသုတ်

သာမညဖလသုတ်တော်သည် ရဟန်းပြုခြင်း၏ ရရှိလာမည့် လောကီ, လောကုတ္တရာ အကျိုးကျေးဇူးတရားများကို ဟောကြားထားသော သုတ်တော်ဖြစ်ပါသည်။ ထို့ပြင် ဖခင်ဗိမ္ဗိသာရမင်းကြီးကို သတ်ပြီး နောင်တတရားများစွာ နှိပ်စက်၍ မအိပ်နိုင်၊ မစားနိုင် ဖြစ်နေရှာသော အဇာတသတ်မင်းအား ထိုဒုက္ခများ ကင်းစင်ပပျောက်စေပြီး ငြဲဒုက္ခ ပေါ့ပါးသက်သာသွားစေသော သုတ်တော်ဖြစ်ပါသည်။ ထို့ကြောင့် ထိုသုတ်တော်ကို ရွတ်ဖတ်ပူဇော်ခြင်းဖြင့် မိဘ,ကျေးဇူးရှင်စသည်တို့အား အမှတ်မထင် ပြစ်မှားပြောဆိုမိခဲ့သော အကုသိုလ်မကောင်းကျိုးများ ရှိခဲ့ပါက နောင်တရ၍ ပြန်လည်တောင်းပန် အသိတရားရရှိကာ အပြစ်မှ လျော့ပါးစေပြီး လောကီ,လောကုတ္တရာကောင်းကျိုးများ စဉ်ဆက်မပြတ် ဖြစ်ပေါ်ရေးအတွက် များစွာထောက်ပံ့ပေးသော သုတ်တော်ဖြစ်ပါသည်။

## နတ်ချစ်သုတ္တန်ဂါထာတော်များ

နတ်ချစ်သုတ္တန်ဂါထာတော်များသည် ယင်းသုတ္တန်ဂါထာတော်များကို ရွတ်ဖတ်ပူဇော်သူအား နတ်ဒေဝတာများက ကူညီစောင့်ရှောက်စေပါသည်။ နတ်ဒေဝတာများသည် လူသားတို့၏ စိတ်အကြံအစည်များကို သိရှိနိုင်ကြသဖြင့် လူတို့၏ အခက်အခဲများကို ကူညီစောင့်ရှောက်ပေးခြင်း ဖြစ်ပါသည်။ ပကတိမျက်စိဖြင့် မမြင်ရသော ပရလောကရှိသည်၏အဖြစ်ကို ယုံကြည်လျက် နတ်ဒေဝတာတို့အား မေတ္တာပို့ခြင်း၊ အသိအမှတ်ပြုခြင်းဖြစ်၍ နတ်ဒေဝတာများက ပြန်လည်အသိအမှတ်ပြု စောင့်ရှောက်ပေးမည်ဖြစ်ပါသည်။

## ငါးရံ့မင်းပရိတ်တော်နှင့် မိုးကမ္ဘဝါစာတမ်း

ငါးရံ့မင်းပရိတ်သည် ဘုရားလောင်း ငါးရံ့မင်းကြီးဖြစ်စဉ်အခါက သစ္စာဆိုခဲ့ပြီး မိုးရွာစေကာ မိမိ၏ဆွေမျိုးဖြစ်သည့် ငါးအပေါင်းအား ကျီးကန်း,လင်းတ,စသည်တို့၏ နှိပ်စက်သတ်ဖြတ်စားသောက်ခြင်း ဘေးရန်အပေါင်းမှ ကင်းလွတ်စေသော ပရိတ်တော် ဖြစ်ပါသည်။ ထိုပရိတ်တော်ကို မုံရွာမြို့ လယ်တီဆရာတော်ဘုရားကြီး စီစဉ်ရေးသားခဲ့ သော မိုးကမ္ဘဝါနှင့်တွဲဖက်၍ ရွတ်ဆိုပူဇော်နိုင်ရန် ထုတ်ဝေထားပါသည်။ ငါးရံ့မင်းပရိတ်နှင့် မိုးကမ္ဘဝါကို ရွတ်ဖတ်ပူဇော်ခြင်းဖြင့် မိုးခေါင်ရေရှားအဖြစ်ဆိုးမှ ကျော်လွှားနိုင်ပြီး ရာသီဥတု မိုးလေဝသ ညီညွတ်မျှတကောင်းမွန်စေပါသည်။

## ခင်ပွန်းကြီး(၁၀)ပါးကန်တော့နည်းနှင့် ခင်ပွန်းကြီး(၁၀)ပါးအဓိပ္ပာယ်

ဘုရား,ပစ္စေကဗုဒ္ဓါ အစရှိသော ပုဂ္ဂိုလ်တို့သည် ခင်ပွန်းကြီး(၁၀)ပါးဖြစ်၍ မပြစ်မှားသင့်သော ပုဂ္ဂိုလ်များဖြစ်ကြောင်း ဖော်ပြထားပါသည်။ ထိုပုဂ္ဂိုလ်တို့အား အကယ်၍ ပြစ်မှားမိလျှင် လက်ရှိပစ္စုပ္ပန်သာမက နောင်တမလွန်၌ပင် ဆင်းရဲဒုက္ခအမျိုးမျိုး တွေ့ကြုံရနိုင်ပြီး ပြုစုလုပ်ကျွေး ရှိခိုးကန်တော့၍ အမြဲဆည်းကပ်လျှင် ပစ္စုပ္ပန် တမလွန် နှစ်ဖြာ ကောင်းကျိုး ရရှိခံစားရမည်ဖြစ်ပါသည်။ ထို့ကြောင့် ခင်ပွန်းကြီး(၁၀)ပါး ရှိခိုးကန်တော့နည်း အစုံအလင်သိရှိနိုင်ရန်နှင့် ရှိခိုးကန်တော့ခြင်းဖြင့် ကောင်းကျိုးများ ရရှိနိုင်စေရန် စီစဉ်ထားပါသည်။

## အာဠဝကသုတ္တန်

အာဠဝကသုတ္တန်သည် မြတ်ဗုဒ္ဓနှင့် အာဠဝကဘီလူး တွေ့ဆုံ၍ အာဠဝကဘီလူး ကျွတ်တမ်းဝင်ပုံဖြစ်စဉ်ကိုလည်းကောင်း၊ သဒ္ဓါတည်းဟူသော ဥစ္စာ, ကုသိုလ်ပြုခြင်း အလေ့အကျင့်, ဝစီသစ္စာ၏အရသာနှင့် ပညာဖြင့် အသက်မွေးခြင်းသည် အကောင်းဆုံး ဟူသော တရားလေးပါး၏ သိမ်မွေ့နက်နဲသော အဓိပ္ပာယ်ကိုလည်းကောင်း ပြဆိုထား သော သုတ်တော်ဖြစ်ပါသည်။ အာဠဝကသုတ်တော်ကို ရွတ်ဆိုပူဇော်လိုက်နာကျင့်သုံး ခြင်းဖြင့် မြတ်သောဥစ္စာကို ရှာဖွေနိုင်ခြင်းစသော အကျိုးများ ဖြစ်ပေါ်စေပြီး ပစ္စုပ္ပန် တမလွန် ကောင်းကျိုးများကို ရရှိစေပါသည်။

## ဓမ္မစက္ကပ္ပဝတ္တနသုတ်

ဓမ္မစက္ကပ္ပဝတ္တနသုတ်တော်သည် ဘုရားရှင်က လူ, နတ်, ဗြဟ္မာ သတ္တဝါအပေါင်းတို့အား အဦးအစ ဟောကြားတော်မူသော သုတ်တော်ဖြစ်ပါသည်။ ယင်းသုတ်တော်ကို နာကြားရသဖြင့် ပဉ္စဝဂ္ဂီငါးဦးအနက် အရှင်ကောဏ္ဍည သောတာပန်တည်ပြီး နတ်ဗြဟ္မာပေါင်း ၁၈–ကုဋေအထိ ကျွတ်တမ်းဝင်ခဲ့ပါသည်။ ထို့ကြောင့် ယင်းသုတ်တော်ကို ရွတ်ဖတ်ပူဇော်ခြင်းဖြင့် နတ်ဗြဟ္မာများ၏ ချစ်ခင်မြတ်နိုးမှုများ၊ ကူညီစောင့်ရှောက်မှုများ ရရှိစေပြီး ဘဝစည်းစိမ်ကို ပြီးပြည့်စုံစွာ ရရှိစေနိုင်ပါသည်။

## အနတ္တလက္ခဏသုတ်

အနတ္တလက္ခဏသုတ်တော်သည် ခန္ဓာငါးပါးတို့ကို လက္ခဏာကြီးသုံးပါးဖြင့်လည်းကောင်း၊ ဝိပဿနာပညာ မဂ်ပညာစသည်တို့ဖြင့်လည်းကောင်း ဖြစ်ပုံ, ရှုမြင်ပုံတို့ကို ဟောကြားထားသော သုတ်တော်ဖြစ်ပါသည်။ အနတ္တလက္ခဏသုတ်ဟု ဆိုသည့်အတိုင်း ရွတ်ဆိုပွားများသောသူ၏သန္တာန်၌ အသိသံဝေဂများ ဖြစ်ပွားကာ တရားထူးရစေရန် အထောက်အကူပြုခြင်း၊ အတ္တအစွဲကင်းပြတ်ခြင်းစသော အကျိုးများကို ရရှိခံစားစေနိုင်ပါသည်။

## သောတာနုဂတသုတ္တန်

သောတာနုဂတသုတ္တန်သည် ပရိယတ်တရားတော်များကို ဉာဏ်ဖြင့် နာယူ, လေ့ကျက်,ဆင်ခြင်ပွားများလျှင် မျက်မှောက်ဘဝ၌ တရားထူးရရှိနိုင်ကြောင်းနှင့် အကယ်၍ မျက်မှောက်ဘဝ၌ မရခဲ့သော် နောက်ဘဝဖြစ်သည့် နတ်,ဗြဟ္မာဘဝတို့၌လည်း တရားတော်ကို ဆက်လက်ကျင့်ကြံအားထုတ်၍ တရားထူးရရှိနိုင်ကြောင်းကို ဟောကြားထားသော သုတ်တော်ဖြစ်ပါသည်။ ယင်းသုတ်တော်ကို ရွတ်ဆိုပူဇော်ခြင်းဖြင့် သဒ္ဓါတရားပိုမိုခိုင်မာစေပြီး ပစ္စုပ္ပန် တမလွန် ကောင်းကျိုးများ ဖြစ်စေကာ မဂ်ဖိုလ်ရရန် အားကြီးသော အထောက်အပံ့ကောင်းဖြစ်စေပါသည်။

## နမက္ကာရ ဘုရားရှိခိုး

နမက္ကာရဘုရားရှိခိုးသည် အဋ္ဌကထာကျမ်းပြုအကျော် အရှင်မဟာဗုဒ္ဓဃောသမထေရ်ကိုယ်တိုင် မြတ်စွာဘုရားရှင်၏ ဂုဏ်တော်အပေါင်းကို ပူဇော်ရှိခိုးသည့် ဂုဏ်တော်စုံ

ဘုရားရှိခိုးဖြစ်ပါသည်။ အရှင်မဟာဗုဒ္ဓဃောသမထေရ်သည် ဤနမက္ကာရဘုရားရှိခိုးဖြင့် သီဟိုဠ်ပြည် ပိဋကတ်တိုက်တံခါးကို အလိုလို ပွင့်စေတော်မူခဲ့သကဲ့သို့ ရွတ်ဆိုပူဇော်ရှိခိုးသူတို့သည်လည်း အခက်အခဲ အတားအဆီးများကို ကျော်လွှားနိုင်၍ ဘုန်းကံကြီးမားခြင်း၊ ကျက်သရေမင်္ဂလာ တိုးပွားခြင်းနှင့် ကောင်းကျိုးလိုအင်ဆန္ဒများ ပြည့်ဝခြင်းစသော အကျိုးတရားများကို ရရှိစေနိုင်ပါသည်။

## ယသောဓရာထေရီ၏နောက်ဆုံးကန်တော့ခြင်း ဝန္ဒနာဂါထာတော်များ

ဘုရားအလောင်းတော်နှင့်အတူ ဘဝသံသရာများစွာ၌ ပါရမီဖြည့်ဖက်အဖြစ် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင် ပါရမီဖြည့်ကျင့်ခဲ့သော ယသောဓရာထေရီ၏ နောက်ဆုံးကန်တော့ခြင်း ဝန္ဒနာဂါထာတော်များ ဖြစ်ပါသည်။ ထိုဂါထာတော်များဖြင့် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလအတွင်း ဘုရားအလောင်းတော်၏ သဗ္ဗညုတဗောဓိဉာဏ်အကျိုးငှာ စိတ်ငြိုငြင်ခြင်း အလျှင်းမရှိဘဲ အန္တအတာခံ အနစ်နာခံ၍ သုခဒုက္ခမျှတူခံစားလျက် ပါရမီဖြည့်ဆည်းပေးခဲ့ပုံတို့ကို အတုယူအားကျဖွယ် လျှောက်ထားခဲ့ပါသည်။

## ကာလာမသုတ္တန်

ကာလာမသုတ္တန်သည် ကေသမုတ္တနိဂုံး၌ နေသော ကာလာမမင်းသားတို့အား ဘာသာအယူဝါဒများနှင့်ပတ်သက်၍ မှတ်ကျောက်သဖွယ် စိစစ်နိုင်သည့် ဆောင်ရန်၊ ရှောင်ရန်များကို မြတ်စွာဘုရားရှင်က ဟောကြားထားသော သုတ္တန်ဖြစ်ပါသည်။ ထိုသုတ္တန်တွင် ဘာသာအယူဝါဒများကို စိစစ်ပုံနှင့် လက်ခံကျင့်သုံးရမည့် ဘာသာတရား ရွေးချယ်ပုံတို့ကို အသေးစိတ် ဟောကြားတော်မူထားသဖြင့် ရွတ်ဖတ်ပူဇော် လိုက်နာကျင့်သုံးသူတို့ တရားစစ် တရားမှန်ကို လက်ခံကျင့်သုံးနိုင်ခြင်းမှစ၍ ပစ္စုပ္ပန် တမလွန် ချမ်းသာအဆင့်ဆင့်ကို ရရှိကာ နိဗ္ဗာန်တိုင်အောင်သော အကျိုးကိုလည်း ရရှိစေနိုင်ပါသည်။

## ဆန္ဒသမာဓိသုတ္တန်

ဆန္ဒသမာဓိသုတ္တန်သည် ဆန္ဒ, ဝီရိယ, စိတ္တ, ဝီမံသ(ပညာ)တည်းဟူသော တရားလေးပါးတို့ကို အမှီပြု၍ သမာဓိရနိုင်ပုံနှင့် တရားအားထုတ်သော ယောဂီပုဂ္ဂိုလ်

အနေဖြင့် မဖြစ်သေးသော အကုသိုလ်တရားတို့ကို မဖြစ်စေရန်၊ ဖြစ်ပြီးသော အကုသိုလ်တရားတို့ကို ပယ်စွန့်ရန်နှင့် မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေရန်၊ ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို ဆက်လက်တည်တံ့ပြီး တိုးပွားစေရန် အားထုတ်၍ ဣဒ္ဓိပါဒ်ကို ဖြစ်စေသင့်ကြောင်း မိန့်တော်မူထားသော သုတ္တန်ဖြစ်ပါသည်။

## အရှင်မဟာဗုဒ္ဓဃောသ၏ ဘဝနှင့်ဓမ္မ

အရှင်မဟာဗုဒ္ဓဃောသသည် သာသနာတော်နှစ် (၉၀၀)ဝန်းကျင်၊ အေဒီ ၅–ရာစုတွင် ပေါ်ထွန်းခဲ့ပြီး ဗုဒ္ဓသာသနာတော်သမိုင်းတွင် အလွန်ထင်ရှားသော အဋ္ဌကထာကျမ်းပြုမထေရ်မြတ် ဖြစ်ပါသည်။ မထေရ်မြတ်သည် အိန္ဒိယနိုင်ငံမှ သီရိလင်္ကာနိုင်ငံသို့ ကြွတော်မူကာ ဘုရားဟော ပါဠိတော်များ၏ အဖွင့်ကျမ်းများဖြစ်သော အဋ္ဌကထာကျမ်းပေါင်း (၃၅)ကျမ်းကျော်ကို ရေးသားစီရင်တော်မူခဲ့သဖြင့် **ဗုဒ္ဓမတ္တညူ** (မြတ်စွာဘုရားရှင်၏ အလိုတော်ကို အသိဆုံးပုဂ္ဂိုလ်)အဖြစ် ဂုဏ်ပြုပူဇော်မှုကို ခံယူရရှိတော်ခဲ့ပါသည်။ အရှင်မဟာဗုဒ္ဓဃောသမထေရ်၏ ထေရုပ္ပတ္တိကို လေ့လာပူဇော်ခြင်းဖြင့် မထေရ်မြတ်၏ သီလ၊ ပညာ၊ ဝီရိယအား ကြီးမားတော်မူပုံ၊ သာသနာတော်နှင့် ပြည်သူပြည်သားများအပေါ် ထားရှိသော စိတ်ထားများကို အတုယူအားကျဖွယ် လေ့လာသိရှိရမည်ဖြစ်ပါသည်။

# နှိုးဆော်ပန်ကြားလွှာ

ဥပ္ပါတသန္တိပါဠိ–မြန်မာပြန် စာအုပ်အား နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ပြည်နယ်ရှိ ပြည်သူအသီးသီးသို့ ဖြန့်ဝေလှူဒါန်းလျက်ရှိပါသည်။ ဤသို့ဖြန့်ဝေလှူဒါန်းရရှိသော စာအုပ်များပေါ်မူတည်၍ ဝတ်အသင်းအဖွဲ့ အသီးသီးမှ ဘုရား၊ ဓမ္မာရုံ၊ ဘုန်းကြီးကျောင်း စသည်တို့တွင် ရွတ်ဆိုပူဇော်လျက် ရှိကြပါသည်။ ဤသို့ရွတ်ဆိုပူဇော်မှုသည် စာအုပ်များဖြန့်ဝေရရှိနိုင်မှုအပေါ်တွင် လည်း မူတည်နေပါ၍ ပိုမိုလှူဒါန်းသူများ ရှိလာပါက ပိုမိုရွတ်ဆို ပူဇော်လာနိုင် မည်ဖြစ်ပါသည်။

သို့ပါ၍ ဤစာအုပ်နှင့် ထုတ်ဝေပြီးသော ပူးတွဲပါစာအုပ်များအား မိမိ ကိုယ်တိုင် လှူဒါန်းလိုပါက လိုအပ်သော စာအုပ်အရေအတွက်ကို မှာကြားနိုင်ပါ ကြောင်းနှင့် မှာကြားသည့်အရေအတွက်များကို ထုတ်ဝေပေးမည် ဖြစ်ပါသည်။ ဤဝန်ကြီးဌာနမှတစ်ဆင့် လှူဒါန်းပေးစေလိုပါကလည်း သက်ဆိုင်ရာ လှူဒါန်း သင့်သည့် နေရာများသို့ ကူညီဖြန့်ဝေလှူဒါန်းပေးသွားမည် ဖြစ်ပါသည်။

ပါဝင်လှူဒါန်းလိုသူများရှိပါက –
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

| | |
|---|---|
| အမြဲတမ်းအတွင်းဝန် | ဖုန်း–၀၆၇ ၃၄၀၆၅၀၆ |
| | ၀၆၇ ၃၄၀၈၄၄၁ |
| | ၀၉ ၅၁၀၆၂၇၄ |
| ဒုတိယအမြဲတမ်းအတွင်းဝန် | ဖုန်း–၀၆၇ ၃၄၀၆၀၀၈ |
| | ၀၉ ၄၄၀၇၉၂၃၉၉ |

သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်းနှင့် ဥပ္ပါတသန္တိ ဝတ်ရွတ်စဉ် A4 ဆိုဒ်စာအုပ်၊ A4 တစ်ဝက်ဆိုဒ်စာအုပ်တို့အား အလွယ်တကူ ပြန်လည်ကူးယူနိုင်ရန်အတွက် လည်းကောင်း၊ ဥပ္ပါတသန္တိပရိတ်တော်အသံဖိုင်အားလည်းကောင်း– www. mahana.org.mm, www.mora.gov.mm, www.dra.gov.mm, www.dpps.gov.mm, www.kbrl.gov.mm, www.itbmu.org. mm, သာသနာရေးဆိုင်ရာ ဝဘ်ဆိုက်ခြောက်ခုတို့တွင် download ဖြင့် ကူးယူ၍ လည်းကောင်း၊ အသံဖိုင်ဖြင့်လည်းကောင်း နာယူပူဇော်ဖြန့်ဝေနိုင်ပါသည်။